# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (25-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်(ပန်ကွဲ)ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် လက်ရောက်ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်(ပန်ကွဲ) ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ ကျိုင်းတုံမြို့ တူးယားကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါမဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊စစ်သည်၊မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂၅ ရက်

အယ်ဒီတာ့အာဘော်

## ဓမ္မစေတီထိုက်သော သာသနာ့အာဇာနည်များအား ချီးမြှောက်ပူဇော်

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယခုနှစ် မေ ၂၂ ရက်က ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း ခမ်းနားစွာကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်များ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ယခုနှစ်တွင် ကျင်းပပြီးစီးခဲ့သည့် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံအာဂုံရေးဖြေအောင် တိပိဋကဓရတိပိဋကကောဝိဒဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ဝမ်းမြောက်ဖွယ်ပေါ်ထွန်းခဲ့သည်။ ထို့ပြင် ပိဋကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒ အရှင်မြတ်နှစ်ပါး၊ ပိဋကနှစ်ပုံအာဂုံအောင် ဒီဃဘာဏကအရှင်မြတ် ၁၁ ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒအရှင်မြတ်တစ်ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရအရှင်မြတ် ၂၉ ပါး၊ ဝိနယပိဋကရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ အရှင်မြတ်ခုနစ်ပါး၊ ဝိနယပိဋကရှေ့ပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရအရှင်မြတ် ၄၆ ပါး စုစုပေါင်း ၉၇ ပါး အောင်မြင်တော်မူခဲ့သည်ဖြစ်ရာ စာအောင်အရှင်မြတ်တို့၏အောင်မြင်မှုကို ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းက ဝမ်းမြောက်ဝမ်းသာ ကြည်သာရွှင်ပြုံး ကြည်ညိုမဆုံးဖြစ်ကြရပါသည်။

မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီအထူး၊ ဉာဏ်ပညာအထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကိုဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံးချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကနှုတ်ငုံဆောင်ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပပြီးစီးခဲ့သည့် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအထိ ၇၇ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၇ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ရာ စစ်မှန်သောဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ရေးအတွက် နှစ်ထောင်းအားရဝမ်းမြောက်ရပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ကျင်းပနိုင်သော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးသည် မြန်မာနိုင်ငံသာမက ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံး၊ ရက်အရှည်ဆုံးကျင်းပသည့် နက်နဲဂုဏ်ယူဖွယ်စာမေးပွဲကြီးပင်ဖြစ်သည်။ မြတ်စွာဘုရား၏ နှုတ်ထွက်တရားတော်များကို အလေးအမြတ်ပြုသောအားဖြင့် ရဟန်းသာမဏေတို့သာဖြေဆိုခွင့်ပြုခြင်း၊ အာဂုံပြန်နှင့် သဘောရေးဖြေနှစ်ဆင့်ဖြေဆိုရခြင်း၊ ဖြေဆိုသူအရှင်မြတ်တို့၏ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ဉာဏ်ပညာတို့ကျက်စားရာ စာမေးပွဲဖြစ်ခြင်း၊ ကမ္ဘာပေါ်တွင် တွေ့ရှိရန်အလွန်ခဲယဉ်းသော အဆင့်မြင့်စာမေးပွဲဖြစ်သောကြောင့် ဆရာဒကာနှစ်ဖြာစလုံးအတွက် သံသရာဆုံးရာနိဗ္ဗာန်တိုင် အကျိုးဖွံ့ဖြိုးပြည့်စုံစေမည်ဖြစ်ပါသည်။

ဗုဒ္ဓသာသနာတော်တွင် ဓမ္မစေတီထိုက်သော ပိဋကနှုတ်ငုံဆောင် သာသနာ့အာဇာနည်များကို ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ပူဇော်ခွင့် ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခွင့်သည် နိဗ္ဗာန်တိုင်အောင် အကျိုးပေးသည့်အတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းလှပါသည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး နေရောင်လရောင်ပမာထွန်းလင်းရှည်ကြာစေရန် နိုင်ငံတော်အစိုးရနှင့်အတူ သူတော်ကောင်းအပေါင်းတို့က ထိုက်တန်သောချီးမြှောက်ပူဇော်မှုအစုစုကို တတ်စွမ်းသမျှ ချီးကျူးပူဇော်ဖြည့်ဆည်းသမှုပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါပြီး မေ ၂၃ ရက် မွန်းလွဲပိုင်းက မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့နယ် နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးစံပြကွက်သို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ကျရောက်မှုများကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများတွင်ထိခိုက်မှုများရှိခဲ့ကြောင်း၊ လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံတော်၏ရည်မှန်းချက်များပြည့်မီအောင် ဝိုင်းဝန်းပူးပေါင်းကာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများ၏တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း မြေအောက်တမံ ဆောင်ရွက်နေသည့် ရိုးစုံကျေးရွာအနီးရှိ စွန်ချောင်းမြေအောက်တမံနှင့် ဆားတောင်ကျေးရွာအနီးရှိ ဆားတောင်မြေအောက်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများက မြေအောက်တမံများ တည်ဆောက်ရန်အတွက် ဦးစားပေးနေရာ ရွေးချယ်ရာတွင် ကျေးရွာများနှင့်နီးပြီး သွားလာရန်လွယ်ကူခြင်း၊ ခြောက်သွေ့ရာသီတွင်စိုက်ပျိုးရေနှင့်သောက်သုံးရေခက်ခဲမှုရှိသောနေရာများဖြစ်ခြင်း၊ အနီးအနားတွင် စိုက်ပျိုးမြေဧရိယာများရှိခြင်း၊ ချောင်းကြမ်းပြင်တွင် ရေသိုလှောင်နိုင်သည့် သင့်တင့်သော သဲထုလွှာရှိခြင်း၊ သဲလွှာအောက်ဘက် သင့်တင့်သောအနက်တွင် ရေလုံမြေလွှာရှိခြင်း၊ တည်ဆောက်ရေးပစ္စည်းများ အလွယ်တကူရရှိနိုင်ခြင်းတို့အပေါ် အခြေခံ၍ ဦးစားပေးရွေးချယ်ခဲ့မှုများနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စဥ့်ကိုင်မြို့နယ်ရှိ ကျွန်းဦးဆိုလာစနစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးမည်

**ကျောက်မြောင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၆၇ ဧကစိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မြေပဲ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် ဆောင်ရွက် ပေးသွားမှာပါ"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ဓနိချပ်များ အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်တွင် ဒေသထွက်ဓနိချပ်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဝါး၊ ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ဓနိချပ်များ မေလ ဒုတိယပတ်မှ စတင်ကာ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဓနိချပ်များ တစ်ရက်လျှင် ဓနိအချပ်ရေ ၁၅၀၀၀၀ မှ ၃၅၀၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဓနိချပ်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းအသုံးပြုမှု များလာလို့ အခုလို ဓနိချပ်တွေ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိဓနိချပ်ရေ တော်တော်အရောင်းအဝယ်ဖြစ်နေပါတယ်။ ဓနိချပ် အရည်အသွေးကလဲ မဆိုးပါဘူး။ ကုန်ပစ္စည်းများများ တင်ပို့ရောင်းချနေရတာကြောင့် ဓနိခြံတွေ တိုးချဲ့စိုက်ပျိုးနေတာ တွေ့ရပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဝါး၊ ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

အဆိုပါ ဒေသတွင် အရောင်းအဝယ်ဖြစ်နေသည့် ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ်၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ ထိုသို့ ဓနိချပ်များ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းနေခြင်းကြောင့် ဓနိစိုက်သူများ၊ ဓနိထိုးလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဝါး၊ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ဆည်မြို့နယ် စိုင်မလန်းကျေးရွာတွင် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျောက်ဆည် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုင်မလန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စိုင်မလန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏အဓိက လိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ထွန်တုံးရပ်နေ ဒေါ်ခင်မျိုးချစ်၊ ဒေါ်သွဲ့သွဲ့တင် မိသားစုက ဆေးပဒေသာပင် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၃၃၀ စိုက်ပျိုးမည်




**ရေဦး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၃၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၃၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်ဇွန်လမှစတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပဲကြီးစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲကြီးဧက ၁၀၀၀ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လေးမျက်နှာမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**လေးမျက်နှာ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်၊ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်အိဆွေဇင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် အသင်းသား၊အသင်းသူများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စီမံကိန်း စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကျောင်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၉ သိန်း ထုတ်ချေးပေးထားကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နေလှန်းဆားပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြတ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော မတ်လအတွင်းက ဒေသထွက်နေလှန်းဆား ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ နေလှန်းဆား ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း နေလှန်းဆားပိဿာချိန် ၈၈၀၀၀ ထိ ရန်ကုန် ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းလာတာပါ။ အခုလို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာ ဖြစ်ပါတယ်။ ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်''ဟု လပွတ္တာမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြတ်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၇၀၀ ထိ ဈေးပေါက်နေကြောင်း၊ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း လပွတ္တာမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြတ်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အိမ်ဆိုင်စီးပွားရေးတိုးတက်စေဖို့

မျိုးသူ(ကုန်သွယ်မြှင့်)

အိမ်ဆိုင်လေးများဖွင့်ပြီး မိသားစုစီးပွားရေး လုပ်ကိုင်ကြခြင်းသည် စိတ်ဝင်စားဖွယ်ကောင်းသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဆိုင်ငှားရမ်းခ မကုန်ကျခြင်းသည် ကြီးမားသောရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်သဖြင့် အိမ်ဆိုင်လေးများသည် မိသားစု စီးပွားရေးကို များစွာအထောက်အကူပြုသည်။ အိမ်ဆိုင်များဖြင့် မိသားစုတစ်ခုလုံး၏ အလုပ်အကိုင်နှင့် စီးပွားရေးကိုလည်း ဖန်တီးနိုင်သည်။

**တည်နေရာ**

အိမ်ဆိုင်လေးများဆိုသည့်အတိုင်း မိမိအိမ်တွင် ဆိုင်လုပ်ရမည်ဖြစ်၍ အိမ်သည်လည်း ရပ်ကွက်အတွင်းတွင်သော်လည်းကောင်း ဈေးနီး၊ ကျောင်းနီးသော်လည်းကောင်း၊ လူစည်ကားရာအနီးတွင် တည်ရှိလျှင် အရောင်းအဝယ်ဖြစ်တတ်သည်။ ထို့ကြောင့် နေရာမှန်ကို ရွေးချယ်ရောင်းချနိုင်လျှင် အရောင်းအဝယ်ကောင်းတတ်သည်။

တစ်ခါတရံ ဆိုင်အနီးတွင် ရောင်းအားကောင်း၊ နာမည်ကြီးသော စားသောက်ဆိုင်မျိုး၊ ရုပ်ရှင်ကဲ့သို့ လူစည်ကားသော နေရာမျိုးဆိုပါက မိမိဆိုင်လည်း လူဝင်လူထွက်များပြားပြီး ရောင်းအားကောင်းတတ်သည်။ အချို့လူနေစိပ်သောရပ်ကွက်များတွင်လည်း အရောင်းအဝယ်ကောင်းတတ်သည်။ ဆိုင်သည် ခြံနှင့်ဝင်းနှင့် နေထိုင်တတ်သော ရပ်ကွက်ထဲတွင် ရောက်ရှိနေခြင်း၊ လူသွားလူလာနည်းသောနေရာမျိုးကို ရွေးချယ်မိခြင်း၊ လမ်းကြား၊ လမ်းပိတ်များတွင် ရောက်နေသည့်နေရာမျိုးကို ရွေးချယ်မိပါက အရောင်းအဝယ်နည်းပါးတတ်သည်။

လူနေစည်ကားသော နေရာ၊ လူနေထူထပ်သော နေရာမျိုးကို ဆိုင်ဖွင့်မိသော်လည်း အပြိုင်အဆိုင် စတိုးဆိုင်ငယ်များရှိခြင်း၊ နာမည်ရပြီး အိမ်ဆိုင်မျိုး အနားတွင်ရှိနေခြင်း၊ ၂၄ နာရီဖွင့်သော စတိုးဆိုင်ငယ်များရှိခြင်း စသည့်ပြိုင်ဘက်များပြားသည့် နေရာမျိုးတွင်လည်း အရောင်းအဝယ်ပါးတတ်သည်။ ဆိုင်ကိုဖြတ်သွားဖြတ်လာများက လွယ်လွယ်ကူကူမမြင်နိုင်သည့် နေရာမျိုးမဖြစ်စေရန်လည်း သတိပြုရမည်ဖြစ်သည်။ မြန်မာလူမျိုးများသည် ကားပေါ်၊ ဆိုင်ကယ်ပေါ်က လှမ်းဝယ်နိုင်သည့်ဆိုင်မျိုးကို ပို၍စိတ်ဝင်စားတတ်ကြသော်လည်း အလွယ်တကူဝင်ဝယ်၍မရသော မှန်တံခါးတပ်ထားသောဆိုင်မျိုးကိုဝယ်ရန် ဝင်လေးတတ်ကြသည်။ ထို့ကြောင့် နေရာမှန် (Right Place) ရွေးချယ်နိုင်ခြင်းသည် လုပ်ငန်းကြီး၊ ငယ်မရွေး သေချာစေ့စပ်စွာ ရွေးချယ်သင့်သည်ဟု သိထားရန်လိုအပ်သည်။ နေရာမှန်၊ အချိန်မှန် (Right Time)၊ လူကောင်းလူမှန် (Right Person)တို့ကို ရွေးချယ်နိုင်ရေးသည် လုပ်ငန်းအောင်မြင်ရေး အတွက် အထူးအရေးပါသောအချက်သုံးချက် R သုံးလုံးဖြစ်သည်။

**ဈေးကွက်နှင့်ဈေးနှုန်း**

အိမ်ဆိုင်လေးများအတွက် ဈေးကွက်မှာ မိမိ အိမ်နီးနားချင်းများ၊ တစ်ရပ်ကွက်ထဲသားများ၊ လမ်းသွားလမ်းလာများ ဖြစ်တတ်သည်။ ဈေးကွက်ဟုဆိုသောကိစ္စသည် မိမိဆိုင်၏ ဈေးကွက်တစ်ခုတည်းကို သာဆိုလိုသည်မဟုတ်ဘဲ မိမိရောင်းချနေသည့် ကုန်ပစ္စည်းများအားလုံး၏ ဈေးကွက်အခြေအနေကိုလည်း အထိုက်အလျောက် သိရှိနားလည်ထားပါက ပိုမိုကောင်းမွန်သည်ဟုဆိုနိုင်သည်။ ထို့ပြင် ဝယ်ယူသူများက မည်သည့်ပစ္စည်းမျိုး၊ မည်သည့် ကုန်အမှတ်တံဆိပ်မျိုးကို ကြိုက်နှစ်သက်သည်ကိုလည်း သိရှိထားပါက ရောင်းအားကို မြှင့်တက်အောင် လုပ်ကိုင်ရန် လွယ်ကူတတ်သည်။

နေပြည်တော်တွင် ရောင်းအားကောင်းသော ပုဂ္ဂလိက ကုန်မျိုးစုံရောင်းသည့် ကုန်တိုက်ကြီးရှိသည်။ အဆိုပါကုန်တိုက်ကြီးပိုင်ရှင်သည် ဆိုင်ငယ်လေးဖြင့် စတင်ခဲ့ပြီး ထိုစဉ်က မည်သည့်အမှတ်တံဆိပ်ကုန်စည်များ ဝယ်လိုအားများသည်ကို သိရန်အမှိုက်ပုံများတွင် သွားရောက်လေ့လာ စာရင်းကောက်ထားခြင်းမျိုးပင် လုပ်ခဲ့ဖူးသည်ဟု ပါးစပ်သတင်းအရ သိရှိရသည်။ အမှိုက်ပုံတွင် သွားရောက်လေ့လာသည့်အခါ မည်သည့်အမှတ်တံဆိပ်များ အများဆုံးရောက်လာသည်ကိုကြည့်ပြီး စားသုံးသူများအကြိုက်ကို သိနိုင်



ရပ်ကွက်တစ်ခုအတွင်း ဖွင့်လှစ်ထားသော မီနီမတ်တစ်ခုကို တွေ့ရစဉ်။

သည်ဟုဆိုသည်။

မည်သို့ပင်ဖြစ်စေ အိမ်ဆိုင်လေးများသည်လည်း မိမိတို့ရောင်းအားတိုးမြှင့်ရေးကို စိတ်ရောကိုယ်ပါ နှစ်ပြီး ဆောင်ရွက်နေရန် လိုအပ်လှသည်။ ဈေးကွက် အခြေအနေများကို အထိုက်အလျောက် သိရှိသည့် အခါ မိမိဆိုင်ရှိကုန်ပစ္စည်းတစ်ခုချင်းကို ဈေးနှုန်း သတ်မှတ်ထားရန်လိုအပ်လာသည်။ ဈေးနှုန်းသတ်မှတ်သည့်အခါ မူလကုန်ပစ္စည်းကိုယ်စားလှယ်က ဖြစ်စေ၊ လက်ကားဆိုင်မှဖြစ်စေ ဝယ်ယူလာသော ဈေးနှုန်းပေါ်အခြေခံပြီး ရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ ရောင်းချလေ့ရှိသည်။

အကယ်၍ ရောင်းချနေရင်း အဆိုပါကုန်စည်သည် ဈေးနှုန်းတက်လာသည်ဆိုပါက မည်သည့်ဈေးဖြင့် ဆက်လက်ရောင်းချမည်နည်း။ မူလအမြတ်ပါပြီး ဈေးနှုန်းဖြင့်ရောင်းချမည်လား၊ မည်သည့်ဈေးနှုန်းဖြင့် တိုးမြှင့်ရောင်းမည်လဲဆိုသည်ကို စဉ်းစားဆုံးဖြတ်ရမည်။ အကယ်၍ မိမိက မူလအမြတ်တင်ပြီး ဈေးနှုန်းဖြင့်ရောင်းလိုက်ပါက ရလာသောငွေကြေးသည် မိမိပြန်ဝယ်သည့်အချိန်တွင် မူလကုန်ချိန်အတိုင်း ဝယ်မရလည်းဖြစ်တတ်သည်။ ထို့ကြောင့် စဉ်းစားချင့်ချိန်နိုင်ရန်နှင့် အခြားသူများ မည်ကဲ့သို့ ရောင်းဝယ်သည်ကို လေ့လာပြီးမှ ဈေးနှုန်းသတ်မှတ်ရောင်းချရန်ဖြစ်သည်။ သို့သော်လည်း ထိုက်သင့်သောဈေးနှုန်းဖြင့်သာ ရောင်းချသင့်သည်။ ဝယ်သူများ၊ ဖောက်သည်များသည် မိမိတို့ကျေးဇူးရှင်များဖြစ်သည်ကို မမေ့လျော့ရန်နှင့် ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ရန်၊ ဝိသမလောဘဖြင့် မဆုံးဖြတ်မိစေရန် အထူးသတိပြုရန်လိုအပ်သည်။ အိမ်ဆိုင်လေးများအတွက် မည်သည့်ကုန်ပစ္စည်းဖြစ်စေရှုံးရန်ခက်သည်။ ရောင်းရင်းဈေးကျသော ကုန်ပစ္စည်းဆိုလျှင်လည်း အခြားလက်ကားဈေးနှုန်းများကျသည့်အတိုင်း လိုက်ချရောင်းရန်မလိုအပ်ဘဲ ဈေးနှုန်းဟောင်းဖြင့် မှေး၍ ရောင်းနေနိုင်သည်။ အဝယ်ပါးသွားသည့်တိုင်အောင် ဈေးပြန်လည်မြင့်လာတတ်သည့်အတွက် ပြန်တက်လာသည့်အခါ ရောင်းအားပြန်များလာတတ်သည်။ ပျက်စီးမှုမဖြစ်စေရန်သာ သတိပြုရမည်။ အတုအပရောင်းခြင်း၊ လိမ်ရောင်းချခြင်းမျိုးကိုမလုပ်ဘဲ မှန်မှန်ကန်ကန်ရောင်းဝယ်လျှင် ရေရှည်ရပ်တည်အကျိုးရှိတိုးတက်လာမည်ဖြစ်သည်။

**အလေးချိန်နှင့် အရည်အသွေး**

အိမ်ဆိုင်များတွင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ် စသည့် မီးဖိုချောင်သုံး စားသောက်ကုန်များကိုချိန်တွယ်၍ အလေးချိန်နှင့် သတ်မှတ်ပြီးရောင်းချကြသည်ကို တွေ့ရသည်။ အချို့ဟင်းသီးဟင်းရွက်များနှင့် ကြက်ဥ စသည်တို့ကိုပင် အလေးချိန်နှင့် ရောင်းချသည့် နေရာများရှိတတ်သည်။ ထို့ကြောင့် အလေးချိန်မှန်ကန်ရေးကို အဓိကထားသင့်သည်။ အလေးချိန်မှန်မှန်ကန်ကန်ရောင်းချလျှင် ဆိုင်တွင် ဖောက်သည်တိုးတက်လာမည်မှာ မလွဲပေ။ အလားတူပင် ကုန်ပစ္စည်းအရည်အသွေးကိုလည်း မှန်မှန်ကန်ကန်ပြော၍ရောင်းနိုင်ရန်လိုအပ်သည်။ များသောအားဖြင့် အရည်အသွေးမမှန်ကန်သည်များကို ဈေးကွက်အတွင်းတွင် တွေ့နေရတတ်သည်။ အရည်အသွေးမှန်မှန် ရောင်းချခြင်းဖြင့် ဆိုင်၏ဖောက်သည်တိုးရန်နှင့် အရောင်းတိုးလာရန် သေချာကြောင်း ပြောနိုင်သည်။

**နည်းပညာ**

နည်းပညာပိုင်းများကိုလည်း အိမ်ဆိုင်များတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ ဆိုင်တွင် ကွန်ပျူတာဖြင့် စာရင်းဇယားများပြုလုပ်ခြင်း၊ ဒစ်ဂျစ်တယ် အရောင်းစာရင်း ထုတ်ပေးနိုင်ခြင်း၊ QR Code များ သုံး၍ ငွေချေနိုင်ရေးဆောင်ရွက်ပေးခြင်း၊ မိုဘိုင်းဘဏ်စနစ်ဖြင့်ချိတ်ဆက်၍ ဝယ်ယူသူများ ငွေချေနိုင်စေရန်စီစဉ်ပေးခြင်းတို့ကို ဆိုင်တွင်လုပ်ကိုင်ပေးနိုင်သည်။ ဆိုင်တွင် CCTV တပ်ဆင်ထားခြင်းဖြင့် မသမာမှုများကိုလည်း ဟန့်တားနိုင်သည်။ ထို့ပြင် အွန်လိုင်းမှ ဈေးရောင်းသည့်စနစ်များဖြင့် ချိတ်ဆက်၍ရောင်းချပေးခြင်း၊ Facebook ကဲ့သို့ လူမှုကွန်ရက်များတွင် ကြော်ငြာခြင်း၊ Delivery Service အိမ်အရောက်ပို့ဆောင်သည့် စသည့်ဝန်ဆောင်မှုစနစ်သုံးပြီး ရောင်းချပေးခြင်း စသည်တို့ကိုသုံးစွဲ၍ လုပ်ငန်းကို တိုးချဲ့နိုင်သည်။

**ဝန်ဆောင်မှုပေးခြင်း**

အိမ်ဆိုင်လေးများအတွက် အရေးအကြီးဆုံး လုပ်ငန်းတစ်ခုမှာ ဝယ်သူကို ချိုသာစွာဆက်ဆံခြင်းဖြစ်သည်။ ဝယ်သူသာ ပထမဟုဆိုသော်လည်း အချို့သော အိမ်ဆိုင်များသည် ဝယ်ယူသူများပြားလျှင်လည်းကောင်း၊ ဝယ်ယူသူနည်းလွန်းလျှင်လည်းကောင်း ဝယ်သူကိုအလေးမထားဆက်ဆံမှုများရှိတတ်သည်။ အရောင်းစာရေးများအနေဖြင့်လည်း ချိုသာစွာစကားပြောခြင်းကို အလေ့အကျင့်ဖြစ်အောင် သင်ကြားပေးနိုင်ရမည်။ ဝယ်သူသည် ကလေးများဖြစ်သည့်တိုင်အောင် လေးလေးစားစား မေးမြန်းခြင်း၊ ချိုသာစွာဆက်ဆံခြင်း၊ မှန်မှန်ကန်ကန် ရောင်းပေးခြင်းမျိုးလည်း ဆောင်ရွက်ပေးရမည်။ သစ္စာရှိဖောက်သည်များ တိုးပွားလာခြင်းသည် ဝန်ဆောင်မှုကောင်းခြင်း၊ ပြောဆိုဆက်ဆံရေး ကောင်းခြင်းများကြောင့်လည်း ပါဝင်သည်။ ထို့ကြောင့် ချိုသာစွာဆက်ဆံပြောဆိုခြင်းနှင့် ဝန်ဆောင်မှုကောင်းခြင်းသည် အိမ်ဆိုင်များ၏ အသက်ပင်ဖြစ်သည်ဟုဆိုချင်သည်။ သန့်ရှင်းသပ်ရပ်သော ဆိုင်နှင့် ပတ်ဝန်းကျင်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ဈေးလျှော့ပေးတတ်ခြင်း၊ လိုအပ်သည့်အချိန်တွင် ဝယ်သူများကို မည်သည့်ပစ္စည်းက မည်သို့သုံး၍ကောင်းသည်၊ မည်သည်ကဝယ်သူအတွက် အဆင်ပြေနိုင်သည်ကို အကြံပြုပေးနိုင်ရသည်။

**စီမံခန့်ခွဲမှု**

အိမ်ဆိုင်လေးများသည် မိသားစုလုပ်ငန်းဖြစ်သည်နှင့်အညီ မိသားစုအတွင်းမှ တစ်ဦးနှစ်ဦးဖြစ်စေ၊ အလှည့်ကျဖြစ်စေ ရောင်းဝယ်ရတတ်သည်။ ထိုအခါမျိုးတွင် တစ်ဦးနှင့်တစ်ဦးမတူညီသော ပေါင်းသင်းဆက်ဆံရေး၊ ဝန်ဆောင်မှုတို့ရှိလာတတ်သည်။ ထိုအခါတွင် ချို့ယွင်းချက်များပြားလာပါက ဆိုင်အနေဖြင့်ကျရှုံးလာတတ်သည်။ ထို့ကြောင့် မိသားစုတွင်း အားလုံးအလှည့်ကျလုပ်ကိုင်ရပါက မိသားစုတွင်း အစည်းအဝေးများ၊ ဆွေးနွေးမှုများ ပြုလုပ်ပြီး မည်သို့ကောင်းအောင်၊ မည်သည့်အမှားမျိုးကို ထပ်မံမကျူးလွန်အောင် စသည်ဖြင့် ပြင်ဆင်ပြောင်းလဲခြင်းများ ပြုလုပ်ပေးရန်လိုအပ်သည်။ ထို့ပြင် စာရင်းဇယားများ သေချာစွာတိတိကျကျမဆောင်ရွက်ခြင်း၊ ရောင်းရငွေမှ ထုတ်ယူသုံးစွဲရာတွင် စာရင်းဇယားမရှိခြင်း စသည်တို့သည်လည်း အိမ်ဆိုင်များကျရှုံးတတ်သည့်အကြောင်းများဖြစ်သည်။ ထို့ကြောင့် အိမ်ဆိုင်လေးများ ကြီးပွားတိုးတက်လာရေးတွင် အထက်ပါ R သုံးလုံးနှင့် အရောင်းအဝယ်မှန်၊ အရည်အသွေးမှန်၊ အလေးချိန်မှန်၊ ဈေးနှုန်းဈေးကွက်မှန် ဟူသော မှန်လေးမှန်ကို ထပ်လောင်းကာ နည်းပညာ၊ စနစ်ကျသော စီမံခန့်ခွဲမှုများကိုပေါင်းစပ်ပြီး ကောင်းမွန်သော ဝန်ဆောင်မှုကို ထပ်ဆောင်းပါက ကြီးပွားတိုးတက်သော အိမ်ဆိုင်အဖြစ်သို့ ရောက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးရန် လျာထားပြီး လက်ရှိတွင် မြေပဲစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီလထဲမှာ စိုက်ပျိုးဖို့အတွက်ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက်လဲ အသိပညာပေး ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဝေါမြို့နယ် ကမ်းကြီးဆိပ်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ဝေါ မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကမ်းကြီးဆိပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းမူဘောင်များ၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းချက်များ၊ ထမ်းဆောင်ရမည့် တာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကမ်းကြီးဆိပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ကမ်းကြီးဆိပ်ကျေးရွာရှိ အိမ်ခြေ ၈၀ အိမ်မှ လူဦးရေ ၄၀၀ တို့မှာ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

ကိုညို

## လက်ကမ်းကြိုနေ ကျောင်းတော်မြေ

– မိုးနိဒါန်းပျိုး သည်ချိန်ခါ
စိမ်းမြလို့ သာယာ၊
ခေါင်းလောင်းသံသာ နိုးထလွှမ်း
တစ်ဖန် သစ်လွင်လန်း။

– ပျော်ရွှင်လှမ်းကြ ကျောင်းတော်ဆီ
နိုးကြား တက်ကြွညီ၊
ဖြူစိမ်းပန်းချီ လှဂုဏ်ဒြပ်
သက်ဝင် ပုံရိပ်ဟပ်။

– ကျောင်းအပ်နှံရေး ပြင်ဆင်ဖွေ
မျိုးဆက် ရင်နှစ်တွေ၊
ပညာအမွေ ပန်ဆင်မြန်း
ပွဲတင် ရည်ရွယ်လှမ်း။

– ကိုယ်စီ အောင်ပန်း မွေ့ဖို့ရာ
အားသစ် နိုးထကာ၊
ဘက်စုံပညာ ထူးချွန်ရေး
ရှေးရှု မှန်းမျှော်တွေး။

– အနာဂတ်ရေး ပြည့်ပန်းတိုင်
တက်လှမ်း ဖွဲ့ပိုင်ပိုင်၊
ခိုလှုံတူပြိုင် ဥယျာဉ်လှ
ဂုဏ်တင့် ပန်းရ။


– ဆရာမိဘ စွမ်းပြိုင်ကာ
ကျောင်းသားတို့ ညီညာ၊
တြိဂံပမာ ပညာနန်း
မြှင့်တင် လက်ဆင့်ကမ်း။

– ရောင်စုံပွင့်ပန်း ပျံ့သင်းထုံ
လှသော ချစ်ရိပ်မြုံ၊
လှပေါင်းပြည့်စုံ ရောင်ဖြာလက်
ကျောင်းတော်မြေက ကြိုဆိုလျက်။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

## နိုင်ငံတကာ သတင်းများ

# ရေရှည်ငြိမ်းချမ်းရေးအတွက် အဆိုပြုချက် မူကြမ်းတစ်ရပ် ယူကရိန်းသို့ပေးပို့မည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား



**မော်စကို မေ ၂၄**

အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုအစီအစဉ် ပြီးဆုံးချိန်တွင် ရေရှည်ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ရယူရေးအတွက် လိုအပ်သည့် အချက်များပါဝင်သော အဆိုပြုချက် မူကြမ်းတစ်ရပ်ကို ယူကရိန်းအစိုးရထံပေးအပ်ရန် အသင့်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က မေ ၂၃ ရက်တွင် ပြောကြားထားသည်။

ရုရှားနိုင်ငံအနေဖြင့် သုံးနှစ်ကျော် ကြာမြင့်နေပြီဖြစ်သော ယူကရိန်းစစ်ပွဲအတွက် အဖြေရှာမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး၏ကြေညာချက်၌ ဖော်ပြထားသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အစ္စတန်ဘူလ်ဆွေးနွေးပွဲသဘောတူညီချက်အရ မေ ၂၃ ရက်တွင် အကျဉ်းသားဦးရေ ၃၉၀ စီကို စတင်လွှတ်ပေးခဲ့ပြီး မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင်လည်း ဆက်လက်လွှတ်ပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။

အဆိုပါအကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုအစီအစဉ်ပြီးဆုံးချိန်တွင် ရေရှည်ငြိမ်းချမ်းရေးအတွက် ရုရှားနိုင်ငံရေးဆွဲထားသော အဆိုပြုချက် မူကြမ်းတစ်ရပ်ကို ယူကရိန်းအစိုးရထံ ပေးပို့မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

သို့ရာတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် ယူကရိန်း၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို ဝေဖန်ခဲ့ပြီး ၎င်းတိုက်ခိုက်မှုများအတွက် တုံ့ပြန်မည်ဟု သတိပေးထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဆီးရီးယားအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ အမေရိကန်အစိုးရရုပ်သိမ်း



**ဒမတ်စကတ် မေ ၂၄**

ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ပြန်လည်ရုပ်သိမ်းပေးလိုက်သော အမိန့်ဒီကရီများကို အမေရိကန်အစိုးရက မေ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းစစ် ပြီးဆုံးပြီးနောက် ဆီးရီးယားနိုင်ငံ ပြန်လည်တည်ဆောက်ရေး အတွက် အထောက်အကူရရန် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ယခုလအတွင်း ကတိပြုထားသည်။

သမ္မတ ဒေါ်နယ်ထရန့်၏ အဆိုပါ ကတိကဝတ်အရ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက မေ ၂၃ ရက်တွင် ဆီးရီးယားအစိုးရသစ်နှင့် ငွေကြေးပေးချေမှုများ ပြုလုပ်ခွင့်ပေးထားသော အမိန့်ဒီကရီတစ်ရပ်ကို ထုတ်ပြန်ပေးခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကလည်း ဆီးရီးယားနိုင်ငံအတွက် အရေးယူပိတ်ဆို့မှုများမှ ရက်ပေါင်း ၁၈၀ ကင်းလွတ်ခွင့်ပေးထားသည့် အမိန့်ဒီကရီတစ်ရပ်ကို မေ ၂၃ ရက်တွင် ထုတ်ပြန်ပေးထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ဆီးရီးယားသမ္မတသစ် အယ်လ်ရှာရာနှင့် တွေ့ဆုံခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် ဆီးရီးယားနိုင်ငံတွင်းရှိ ပြည်ပစစ်သွေးကြွအားလုံးကို နှင်ထုတ်ရန်၊ ပါလက်စတိုင်းစစ်သွေးကြွများ နှင်ထုတ်ရန်နှင့် အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု(အိုင်အက်စ်) ပြဿနာကို ဖြေရှင်းရာတွင် အမေရိကန်နိုင်ငံကို ကူညီရန် သမ္မတဒေါ်နယ်ထရန့်က ဆီးရီးယားသမ္မတကို တောင်းဆိုခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားနှင့် ယူကရိန်းတို့ အကျဉ်းသား ဦးရေ ၃၉၀ စီ အပြန်အလှန်လွှတ်ပေး



**မော်စကို မေ ၂၄**

အစ္စတန်ဘူလ် ဆွေးနွေးပွဲ၌ ရရှိထားသည့် အဘောတူညီချက်အရ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် မေ ၂၃ ရက်တွင် အကျဉ်းသားဦးရေ ၃၉၀ စီ စတင်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျန်အကျဉ်းသားများကိုလည်း မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဆက်လက်လွှတ်ပေးမည်ဖြစ်ကြောင်း ရုရှားနှင့် ယူကရိန်း တာဝန်ရှိသူများက ပြောကြားထားသည်။

မေ ၁၆ ရက်တွင် တူကီယေနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပခဲ့သော နှစ်နိုင်ငံတိုက်ရိုက်ဆွေးနွေးပွဲတွင် ယူကရိန်းနှင့် ရုရှားတာဝန်ရှိသူများအနေဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မရယူနိုင်ခဲ့သော်လည်း အကျဉ်းသားဦးရေ ၁၀၀၀ စီ အပြန်အလှန်လွှတ်ပေးရန်သဘောတူခဲ့ကြသည်။

ရုရှားနှင့် ယူကရိန်းတို့ မေ ၂၃ ရက်တွင် စတင်ခဲ့သည့် အကျဉ်းသားချင်းဖလှယ်မှုသည် အကြီးမားဆုံး အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုဖြစ်သည်။

မေ ၂၃ ရက် အကျဉ်းသားချင်းအပြန်အလှန် ဖလှယ်မှုအစီအစဉ်အတွင်း အကျဉ်းသားများ ပြန်လည် လွတ်မြောက်လာမှုကို ယူကရိန်းနှင့် ရုရှား နှစ်ဖက်စလုံးက အတည်ပြုထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် သုံးနှစ်ကျော်ကြာ ယူကရိန်းစစ်ပွဲကာလတစ်လျှောက်၌ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုများ အကြိမ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်နှင့် အမေရိကန်တာဝန်ရှိသူများ ပဉ္စမမြောက်နျူကလီးယားဆွေးနွေးပွဲကျင်းပ

**ရောမ မေ ၂၄**

အမေရိကန်နှင့် အီရန်နိုင်ငံတို့မှ ထိပ်တန်း တာဝန်ရှိသူများသည် မေ ၂၃ ရက်တွင် အီတလီနိုင်ငံ ရောမမြို့၌ ပဉ္စမမြောက် နျူကလီးယားဆွေးနွေးပွဲကိုကျင်းပခဲ့ကြောင်း သိရသည်။

နှစ်နာရီကြာမြင့်ခဲ့သည့် အဆိုပါဆွေးနွေးပွဲတွင် သမ္မတဒေါ်နယ်ထရန့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဗ်ဦးဆောင်သော အမေရိကန်ကိုယ်စားလှယ်များနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီဦးဆောင်သည့် အီရန်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

မေ ၂၃ ရက် ရောမဆွေးနွေးပွဲ၌ ကြားဝင်ညှိနှိုင်းသူအဖြစ် ပါဝင်ပေးခဲ့သည် အိုမန်နိုင်ငံက တင်ပြခဲ့သည့် အဆိုပြုချက်အချို့ကြောင့် ဆွေးနွေးပွဲ၌ တိုးတက်မှုအရိပ်အယောင်များရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အီရန်နှင့် အမေရိကန်နိုင်ငံတို့ အနေဖြင့် အီရန်၏ ယူရေနီယံလောင်စာသန့်စင်မှုလုပ်ငန်းနှင့်ပတ်သက်၍ အမြင်ကွဲပြားမှုများ ရှိနေဆဲဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရန်၏ နျူကလီးယားလက်နက်တည်ဆောက်ထုတ်လုပ်မည့်အရေးကို ပိတ်ပင်ထားရန် ဆန္ဒရှိနေပြီး အပြန်အလှန်အနေဖြင့် အီရန်နိုင်ငံကလည်း ၎င်းအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို အမေရိကန်အစိုးရက ပြန်လည်ရုပ်သိမ်းပေးရန် ဆန္ဒရှိနေသည်။

အမေရိကန်နိုင်ငံသည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်မှ ၂၀၁၈ ခုနှစ်တွင် နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယခရီးသည်တင်လေယာဉ် လမ်းကြောင်းပြောင်းပျံသန်းခွင့် ပိတ်ပင်ခံရမှုကြောင့် မုန်တိုင်းကို တိုးဝင်ပျံသန်းခဲ့ရသဖြင့် လေယာဉ်ဦးပိုင်းပျက်စီး

**ဒေလီ မေ ၂၄**

အိန္ဒိယအခြေစိုက် အင်ဒီဂိုလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ရာသီဥတုဆိုးရွားမှုကြောင့် ပါကစ္စတန်နိုင်ငံဘက်သို့ လမ်းပြောင်းပျံသန်းရန် ကြိုးပမ်းခဲ့သော်လည်း အိန္ဒိယလေတပ်နှင့် ပါကစ္စတန်လေတပ်တို့က ခွင့်ပြုချက်မပေးခဲ့ကြောင်း မေ ၂၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အင်ဒီဂို လေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်သည် နယူးဒေလီမြို့မှ ကတ်ရှ်မီးယားဒေသ ဆရီနာဂါမြို့သို့ မေ ၂၃ ရက်တွင် ပျံသန်းနေစဉ် မုန်တိုင်းတိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

၎င်းမုန်တိုင်းကို ရှောင်ရှားရေးအတွက် အင်ဒီဂိုခရီးသည်တင်လေယာဉ်သည် ပါကစ္စတန်ဘက်သို့လမ်းကြောင်းပြောင်းပျံသန်းရန် ကြိုးပမ်းခဲ့သော်လည်း အိန္ဒိယလေတပ်နှင့် ပါကစ္စတန်လေတပ် နှစ်ဖက်စလုံးက ခွင့်ပြုချက်မပေးခဲ့ကြောင်း အိန္ဒိယအရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ အင်ဒီဂို ခရီးသည်တင်လေယာဉ်သည် မုန်တိုင်းကို တိုးဝင်ပျံသန်းခဲ့ရကြောင်း၊ ထိုသို့ မုန်တိုင်းကို ဖြတ်ကျော်ပျံသန်းစဉ် လေယာဉ်ပေါ် လိုက်ပါလာသည့် ခရီးသည်များ အထိအခိုက်မရှိခဲ့သော်လည်း လေယာဉ်ဦးပိုင်းမှာ ပျက်စီးခဲ့ရကြောင်း သိရသည်။



Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Ax-4 မစ်ရှင်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ မစ်ရှင်၏ပျံသန်းမှု အသင့်အနေအထားသုံးသပ်ချက်ကို Axiom ကုမ္ပဏီက အပြီးသတ်လုပ်ဆောင်



ဝါရှင်တန် မေ ၂၄

Ax-4 အမည်ရှိမစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ ပုဂ္ဂလိကအာကာသခရီးသည်များ မပို့ဆောင်မီမစ်ရှင်၏ပျံသန်းမှု အသင့်အနေအထားသုံးသပ်ချက်ကို Ax-iom ကုမ္ပဏီက အပြီးသတ်လုပ်ဆောင်ထားပြီးဖြစ်ကြောင်း မေ ၂၃ ရက်သတင်းများအရ သိရသည်။

Axiom ကုမ္ပဏီသည် Ax-4 မစ်ရှင်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ယခုနှစ် ဇွန် ၈ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ax-4 မစ်ရှင်အရ Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိကအာကာသခရီးသည် လေးဦးကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

Ax-4 မစ်ရှင်သည် ပုဂ္ဂလိကအာကာသခရီးသည်များအတွက် Axiom နှင့် Space-X ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ထားသည့် စတုတ္ထမြောက် နိုင်ငံတကာအာကာသစခန်း မစ်ရှင်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အမျိုးသမီး အာကာသယာဉ်မှူးဟောင်း ပက်ဂီဝစ်စတန်က ဦးဆောင်မည်ဖြစ်သည်။

Ax-4 မစ်ရှင် ကာလအတွင်း ပုဂ္ဂလိက အာကာသခရီးသည် လေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ သိပ္ပံပညာစမ်းသပ်မှုပေါင်း ၆၀ ထိ လုပ်ဆောင်ရန် စီစဉ်ထားသည်။

Ref : Russia Today

Trs : KKO

## အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများလေ့လာရေးအာကာသယာဉ် (MMX)ကို ဂျပန်အာကာသအေဂျင်စီက မလွှတ်တင်မီ အကြိုစမ်းသပ်မှုများ ပြုလုပ်နေ

တိုကျို မေ ၂၄

အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများ လေ့လာရေး အာကာသယာဉ် (MMX) ကို ဂျပန်အာကာသအေဂျင်စီက မလွှတ်တင်မီ အကြိုစမ်းသပ်မှုများ ပြုလုပ်နေကြောင်း မေ ၂၃ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် MMX ၏ အာကာသဟင်းလင်းပြင်အတွင်း ပျံသန်းနိုင်စွမ်းကို စမ်းသပ်သည့်အနေဖြင့် ၎င်း အာကာသယာဉ်ကို လေလုံခန်းထဲထည့်၍ စမ်းသပ်နေကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဂျပန် အာကာသအေဂျင်စီသည် MMX အာကာသယာဉ်ကို ၂၀၂၆ ခုနှစ် နိုဝင်ဘာနှင့်ဒီဇင်ဘာလကြားကာလအတွင်း တစ်ချိန်ချိန်တွင် လွှတ်တင်ရန်စီစဉ်ထားသည်။

လွှတ်တင်ပြီးနောက် MMX အာကာသယာဉ်သည် ၂၀၂၇ ခုနှစ်တွင် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်မည်ဖြစ်သည်။

အင်္ဂါဂြိုဟ် ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ချိန်တွင် MMX အာကာသယာဉ်သည် အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလများဖြစ်ကြသည့် ဖိုးဘော့စ်ဂြိုဟ်ရံလနှင့်ဒီးမော့စ်ဂြိုဟ်ရံလတို့ကို လေ့လာမည်ဖြစ်သည်။

ထို့ပြင် MMX အာကာသယာဉ်သည် ၂၀၂၉ ခုနှစ်တွင် ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်သို့ ဆင်းသက်၍ နမူနာကျောက်သားများ ကောက်ယူမည်ဖြစ်ပြီး ကမ္ဘာမြေပေါ်သို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။



Ref : Sputnik News

Trs : KKO

## ရှားပါးသည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို တရုတ်သိပ္ပံပညာရှင်များက FAST ရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် ရှာဖွေတွေ့ရှိထား

ပေကျင်း မေ ၂၄

ရှားပါးသည့်နှစ်စင်းတွဲ ကြယ်စနစ်တစ်ခုကို တရုတ်သိပ္ပံပညာရှင်များက FAST ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိထားကြောင်း မေ ၂၃ ရက် သတင်းများအရ သိရသည်။



PSRJ1928+1815 ဟူ၍အမည်ပေးထားသည့် အထက်ပါနှစ်စင်းတွဲ ကြယ်စနစ်အတွင်းရှိ ကြယ်နှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း မိုင် ၇၀၀၀၀၀ ခန့်ခွာ၍ လှည့်ပတ်နေကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်စနစ်အတွင်း ကြယ်နှစ်စင်းမှာ တစ်စင်းနှင့် တစ်စင်း တစ်ပတ်ပတ်မိရန် ၃ ဒသမ ၆ နာရီခန့်သာ ကြာမြင့်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက PSRJ 1428+1815 ကြယ်စနစ်အတွင်းရှိ ကြယ်နှစ်စင်း၏ အကွာအဝေးမှာ နေနှင့်ဗုဒ္ဓဟူးဂြိုဟ်ကြား အကွာအဝေး၏ အပုံ ၅၀ ပုံ တစ်ပုံသာရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

PSRJ1928+1815 နှစ်စင်းတွဲကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၄၅၅ နှစ်အကွာတွင် တည်ရှိသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## HSV-1 ရေယုန်ဗိုင်းရပ်ကိုကုသပါက Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

နယူးယောက် မေ ၂၄

Herpes Simplex Virus Type-1 (HSV-1) အမည်ရှိ ရေယုန်ရောဂါဗိုင်းရပ်ကို ကုသပေးပါက ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း မေ ၂၃ ရက် သတင်းများအရ သိရသည်။

HSV-1 ဗိုင်းရပ်များသည် လူသားတို့၏ ဆဲလ်များအတွင်း ဘဝတစ်လျှောက်လုံးခိုအောင်းနေတတ်ပြီး ၎င်းတို့နိုးထလာချိန်တွင် Dementia လက္ခဏာများပေါ်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HSV-1 ဗိုင်းရပ်ကို ကုသပေးခြင်းဖြင့် Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ HSV-1 ဗိုင်းရပ်ရှိနေသူများ၌ Dementia ရောဂါဖြစ်ပွားနိုင်ခြေမှာ ၈၀ ရာခိုင်နှုန်းထိ ပုံမှန်ထက်ပိုမြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် HSV-1 ဗိုင်းရပ်ကို ဗိုင်းရပ်တိုက်ဖျက်ရေးဆေးများနှင့် ကုသထားသူများမှာ ထိုသို့မကုသသူများနှင့်နှိုင်းယှဉ်ပါက Dementia ရောဂါဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း ပိုနည်းသွားတတ်ကြောင်း၊ အမေရိကန် သုတေသနပညာရှင်များသည် Dementia ရောဂါရှိသူ ၃၀၀၀၀၀ ကျော်နှင့် ၎င်းရောဂါမရှိသူ ၃၀၀၀၀၀ ကျော်တို့နှင့်နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စိတ်ကျရောဂါဆေးဝါးတစ်မျိုးဖြင့် ကင်ဆာဆဲလ်များအရွယ်အစားကို လျှော့ချနိုင်

နယူးယောက် မေ ၂၄

စိတ်ကျရောဂါဆေးဝါးတစ်မျိုးသည် ကင်ဆာရောဂါများကို ကုသရာတွင် အထောက်အကူပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ Selective Serotonin Reuptake Inhibitors (SSRIS) ခေါ် စိတ်ကျဝေဒနာဆေးများသည် ကင်ဆာဆဲလ်များ အရွယ်အစားကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် SSRIS ဆေးများကို ကင်ဆာဆဲလ်များ ရှိနေသည့်ကြွက်များ၊ လူနာကင်ဆာဆဲလ်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ SSRIS ဆေးများသည် ကင်ဆာဆဲလ်များ၏ အရွယ်အစားကို ပျမ်းမျှအားဖြင့် ၅၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

SSRIS ဆေးသည် ကင်ဆာဆဲလ်များကို ရှင်းလင်းရာတွင် လူ့ကိုယ်ခန္ဓာ၏ ကင်ဆာတိုက်ဖျက်ရေး ပရိုတင်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် SSRIS ဆေးများသည် ကင်ဆာကုထုံးများ၏ အာနိသင်ထိရောက်မှုကိုလည်း မြှင့်တင်ပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာအသင်းကစားသမားဖာတီ မိုနာကို အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

ဘာစီလိုနာ မေ ၂၄

ဘာစီလိုနာအသင်း တိုက်စစ်မှူး ဖာတီသည် နည်းပြဖလစ်လက်အောက်တွင် ပွဲကစားချိန်ကန့်သတ်ချက်ဖြင့်သာ ကစားနေရသောကြောင့် ပြင်သစ်ကလပ် မိုနာကိုအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဖာတီသည် အငှားစာချုပ်နှင့် ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ခြင်းမရှိသော်လည်း စာချုပ်ကုန်ဆုံးချိန်တွင် မိုနာကိုအသင်းက အပြီးသတ်ဝယ်ယူခွင့် ပါရှိခဲ့ပြီး ဘာစီလိုနာအသင်းအနေဖြင့် ဝယ်ယူလိုပါက စာဖျက်သိမ်းကြေးဖြင့် ပြန်လည် ဝယ်ယူနိုင်ကြောင်း သိရသည်။

လူငယ်တိုက်စစ်မှူး ဖာတီသည် ၂၀၁၉ ခုနှစ်က အသင်းကြီးနှင့် စတင်ပါဝင်ခွင့်ရခဲ့ချိန်တွင် ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒဏ်ရာမကြာခဏရရှိနေသဖြင့် ပြိုင်ပွဲစုံ ၁၁၂ ပွဲသာ ကစားခဲ့ရကာ သွင်းဂိုး ၂၉ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ဘရိုက်တန်အသင်းသို့ အငှားစေလွှတ်ခဲ့ရာ ပြိုင်ပွဲစုံ ၂၇ ပွဲတွင် သွင်းဂိုး လေးဂိုး သွင်းယူနိုင်ခဲ့သည်။

ထို့နောက် ဖာတီက အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသော်လည်း ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူခဲ့ပြီး ရောင်းချရန် စီစဉ်ခဲ့သော်လည်း ကမ်းလှမ်းလာသည့်အသင်းမရှိ၍ အသင်းတွင် ထားရှိခဲ့ကာ နည်းပြဖလစ်က ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် ပြိုင်ပွဲစုံတွင် ၁၁ ပွဲသာပါဝင်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲ သုံးပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့သောကြောင့် မိုနာကိုအသင်းက ကမ်းလှမ်းလာချိန်တွင် ထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် နည်းပြဖလစ် တာဝန်ယူချိန်တွင် စပိန်စူပါဖလား၊ စပိန်ကိုပါဒယ်ရေးဖလားနှင့် အမှတ်ပေးဆုဖလားတို့ကို ရယူနိုင်ခဲ့သောကြောင့် နည်းပြဖလစ်ကို လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်း နှစ်နှစ်ထပ်မံတိုးခဲ့ကြောင်း သိရသည်။

Ref : Football Espana

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းသည် ကာလရှည် ဒဏ်ရာကြောင့် အနားယူနေရသည့် မီလီတာအိုကို လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်နိုင်ပြီးနောက် လာမည့်ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- တိုက်စစ်မှူးဆာလာဟ်သည် အမှတ်ပေးပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး ၂၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ် ပြုလုပ်နိုင်ခဲ့သည့်အပြင် အသင်းကို အမှတ်ပေးပြိုင်ပွဲမပြီးဆုံးမီ လေးပွဲအလိုတွင် ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့သောကြောင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ML

# စီးရီးအေချန်ပီယံဆုရယူနိုင်ခဲ့သည့် နာပိုလီအသင်း ချန်ပီယံဆုလေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့



ရောမ မေ ၂၄

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စီးရီးအေ နောက်ဆုံးပွဲစဉ်အဖြစ် နာပိုလီအသင်းနှင့် ကက်ဂလီယာရီအသင်းတို့ ကစားခဲ့ရာ နာပိုလီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့ပြီး လေးကြိမ်မြောက် စကူဒက်တိုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

နာပိုလီအသင်းသည် ပွဲစဉ် ၃၇ ပွဲ ကစားပြီးချိန်ထိ ဒုတိယနေရာမှ ဖိအားပေးနေသည့် အင်တာမီလန်အသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟနေသဖြင့် နောက်ဆုံးပွဲစဉ်ထိ ချန်ပီယံဆုဖလားအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး ကက်ဂလီယာရီအသင်းနှင့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူ၍ မက်တွန်မီနေး၊ လူကာကူတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ကာ ဒုတိယနေရာမှ အင်တာမီလန်အသင်းက ကိုမိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သော်လည်း နာပိုလီအသင်းက ရမှတ်တစ်မှတ်အသာဖြင့် ချန်ပီယံဆုဖလားရရှိခဲ့ကြောင်းသိရသည်။

နာပိုလီအသင်းသည် စီးရီးအေဖလားသမိုင်းတွင် ယခုတစ်ကြိမ် အပါအဝင် ၁၉၈၆-၁၉၈၇၊ ၁၉၈၉-၁၉၉၀၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတို့တွင် ဆုဖလားဆွတ်ခူးနိုင်ခဲ့သဖြင့် ဆုဖလားလေးကြိမ် ဆွတ်ခူးရရှိခဲ့သည်။

နာပိုလီအသင်းသည် ၂၀၂၃ ခုနှစ်က စကူဒက်တိုချန်ပီယံဖလား ရရှိခဲ့ပြီးနောက် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ရလဒ်ပိုင်း ကျဆင်းခဲ့ကာ ဘောလုံးရာသီပိတ်သိမ်းချိန်၌ အဆင့်(၁၀) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ဥရောပပြိုင်ပွဲနှင့် လွဲချော်ခဲ့သောကြောင့် နည်းပြကွန်တီကို ခန့်အပ်ခဲ့ရာ ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သဖြင့် ကွန်တီအနေဖြင့် စီးရီးအေပြိုင်ပွဲတွင် မတူညီသည့် အသင်းသုံးသင်းဖြင့် ချန်ပီယံဆုရယူနိုင်သည့် ပထမဆုံးနည်းပြဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် အကောင်းဆုံးနည်းပြစာရင်းတွင် လီဗာပူးနည်းပြစလော့ ထိပ်ဆုံးတွင် ရပ်တည်နေ

လန်ဒန် မေ ၂၄

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သည့် လီဗာပူးအသင်းနည်းပြ စလော့က အကောင်းဆုံးနည်းပြစာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်ခဲ့သော်လည်း ချန်ပီယံဆုဖလားကို လေးကြိမ်ဆက် ရယူနိုင်ခဲ့သည့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာအနေဖြင့် ဆုဖလားကိုကာကွယ်နိုင်ခြင်းမရှိခဲ့ဘဲ ရှုံးနိမ့်ခဲ့ရပြီးနောက် ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် ပါဝင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

Goal.com က ထုတ်ပြန်ခဲ့သည့် အကောင်းဆုံးနည်းပြစာရင်းတွင် လီဗာပူးအသင်းကို ပထမဆုံးပွဲဦးထွက် ဘောလုံးရာသီတွင် ချန်ပီယံဆုဖလားရယူပေးခဲ့သည့် အာနီစလော့က အဆင့်(၁)တွင် ရပ်တည်နိုင်ခဲ့ပြီး ၎င်းနောက်တွင် နော်တင်ဟမ်အသင်းကိုလာမည့်နှစ်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်တစ်နေရာရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ ဆန်းတို့စ်က အဆင့်(၂)၊ နယူးကာဆယ်အသင်းကို နှစ် ၇၀ ဝေးကွာနေသည့် ဆုဖလားရရှိအောင်စွမ်းဆောင်၍ ဥရောပဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ဟိုဝီက အဆင့်(၃)တွင် ရပ်တည်ခဲ့သည်။

ဆက်လက်၍အေဗီလာအသင်းအား ၎င်းလက်ထက်တွင် ၄၁ နှစ်ကြာတွင် ချန်ပီယံလိဂ်ဝင်ခွင့် ရယူပေး၍ လက်ရှိတွင်လည်း ဥရောပဝင်ခွင့်အတွက် ရလဒ်ကောင်းများ ရယူပေးခဲ့သည့် နည်းပြအမ်မရီက အဆင့်(၄)၊ ဘရန့်ဖို့ဒ်အသင်းအား ပရီးမီးယားလိဂ်တွင် ကစားပုံတိုးတက်အောင်စွမ်းဆောင်၍ လက်ရှိတွင်လည်း အမှတ်ပေးဇယား အဆင့်(၉)နေရာသို့ ပို့ဆောင်နိုင်ခဲ့သည့် သောမတ်ဖရန့်က အဆင့်(၅)၊ ဝုဗ်အသင်းအား ၎င်းတာဝန်ယူချိန်တွင် နိုင်ပွဲခြောက်ပွဲဆက်ရရှိအောင် စွမ်းဆောင်၍ တန်းဆင်းဇုန်မှ လွတ်မြောက်စေခဲ့သည့် နည်းပြ ပါရဲရားက အဆင့်(၆)၊ ဘရိုက်တန်အသင်းကို ရလဒ်ပိုင်းတည်ငြိမ်မှုရယူ၍ အမှတ်ပေးဇယား အဆင့်(၈)နေရာသို့ ပို့ဆောင်ခဲ့သည့် နည်းပြ ဟာဇီလာက အဆင့်(၇)၊ အာဆင်နယ်အသင်းကို ဘောလုံးရာသီ နှစ်ရာသီဆက်တိုက် အဆင့်(၂)နေရာသို့ ပို့ဆောင်ခဲ့သည့် နည်းပြအာတီတာက အဆင့်(၈)၊ ချဲလ်ဆီးအသင်းကို ဥရောပဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြ မာရက်စ်ကာက အဆင့်(၉)နှင့် ဘုန်းမောက်အသင်းအား ရလဒ်ပိုင်းတိုးလာအောင်စွမ်းဆောင်၍ ကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ခဲ့သည့် နည်းပြ အီရာအိုလာက အဆင့်(၁၀)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။




Ref : Goal.com

Trs : ML

# Geneva Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျိုကိုဗစ် အနိုင်ရရှိ

ဂျီနီဗာ မေ ၂၄

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပနေသည့် Geneva Open တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၄၊ ၆-၇၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်ထိ အကောင်းဆုံးပုံစံဖြင့် ပြိုင်ဘက်များကို သက်သောင့်သက်သာဖြင့်သာ အနိုင်ရခဲ့သော်လည်း ဆီမီးဖိုင်နယ်အဆင့်၌ ကင်မရွန်းနော်ရီအား အကြိတ်အနယ်ကစားခဲ့ပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပြီး Tour Level တွင်အကြိမ် ၁၀၀ မြောက်ဆုဖလားကို ဆွတ်ခူးနိုင်ရန် နီးစပ်လာခဲ့ပြီဖြစ်သည်။

ဂျိုကိုဗစ်သည် ၂၀၂၅ ခုနှစ်အတွင်းဂရန်းစလန်းဆုဖလား ၂၅ လုံးပြည့်မြောက်ရေးနှင့် Tour Level ဆုဖလား အလုံး ၁၀၀ ရယူနိုင်မည့် ပထမဆုံးသော တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ရေးကို ပစ်မှတ်ထားလျက်ရှိသည်။

ဂျိုကိုဗစ်သည် ဗိုလ်လုပွဲတွင် ပိုလန်တင်းနစ်ကစားသမား ဟာကက်ဇ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ဆီမီးဖိုင်နယ်အဆင့်ထက် ပိုမိုခက်ခဲသည့်ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အန်ဂျယ်လိုလီယိုက ကာမီဒါကို အနိုင်ယူ၍ IBF ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်နိုင်ခဲ့

**တိုကျို မေ ၂၄**

IBF ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား အန်ဂျယ်လိုလီယိုနှင့် စိန်ခေါ်သူ ဂျပန်လက်ဝှေ့သမား ကာမီဒါတို့ ယနေ့ အိုဆာကာမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အန်ဂျယ်လိုလီယိုက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။



သို့သော်လည်း အန်ဂျယ်လိုလီယိုအနေဖြင့် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းမဟုတ်ပဲ ရမှတ်ကွာဟမှု ကျဉ်းမြောင်းခဲ့ပြီး အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် တစ်ဦးက (၁၁၄-၁၁၄)မှတ်ဖြင့် သရေရလဒ်သာ သတ်မှတ်ခဲ့ပြီး ကျန်အမှတ်ပေးဒိုင်နှစ်ဦးမှ တစ်ဦးက (၁၁၅-၁၁၃)မှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင်တစ်ဦးက (၁၁၆-၁၁၂)မှတ်ဖြင့်လည်းကောင်း အန်ဂျယ်လိုလီယိုကို အနိုင်ပေးခဲ့သည်။

အန်ဂျယ်လိုလီယိုက "ကာမီဒါဟာ အရမ်းကိုခက်ခဲတဲ့ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ တော်တော်လေးကိုခက်ခဲတဲ့ပွဲစဉ်ဖြစ်ခဲ့ပါတယ်။ ခက်ခဲပေမဲ့ ကျွန်တော့်အနေနဲ့ အနိုင်ရလဒ်ကိုရရှိခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အချိတိုင်းမှာလည်း ကျွန်တော်ကပဲ ကာမီဒါကို ဖိအားပေးထိုးသတ်နိုင်ခဲ့တယ်လို့ ခံစားမိတယ်။ ဒါကြောင့်လည်း အခုလိုအနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ ကာမီဒါဟာ ကျွန်တော် ထင်ထားတာထက်တောင် ပိုပြီးတော့မာတယ်။ လှုပ်ရှားမှုတွေကလည်း အရမ်းမြန်သလို ထိုးချက်တွေကလည်း အားပါပြင်းထန်တယ်။ ဒီပွဲစဉ်မထိုးသတ်မီ ကျွန်တော်သူနဲ့ Sparring လုပ်ဖူးတယ်။ Sparring တုန်းကထက် ဒီစိန်ခေါ်ပွဲမှာ သူ့ရဲ့ထိုးချက်တွေက အားပိုပါသလို အန္တရာယ်ပေးနိုင်တဲ့ လက်သီးထိုးချက်တွေပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# အင်တာမီယာမီအသင်းက မိုဒရစ်ကိုခေါ်ယူရန် ကမ်းလှမ်း

**မီယာမီ မေ ၂၄**

မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည့် ဝါရင့် ကွင်းလယ်ကစားသမား မိုဒရစ်ကို ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများ လုပ်ဆောင်ထားကြောင်း သိရသည်။

အသက် ၃၉နှစ်ရှိ မိုဒရစ်သည် ရီးရဲလ်မက်ဒရစ် အသင်းတွင် ၁၃ နှစ်ကြာ ကစားခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲသွားမည်ဟု အတည်ပြု ကြေညာခဲ့ပြီးနောက် ၎င်းကို အင်တာမီယာမီအသင်းနှင့်အတူ ဆော်ဒီထိပ်တန်း ကလပ်အသင်းကြီးများက အပြိုင်ကမ်းလှမ်းရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းပူးတွဲပိုင်ဆိုင်ထားသည့် အင်တာမီယာမီအသင်းသည် အသင်းကိုပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အသင်းတည်ထောင်သည်မှာ နှစ်အနည်းငယ်သာ ရှိသေးသော်လည်း ဥရောပမှ ထိပ်တန်းကစားသမားကိုခေါ်ယူပြီး အင်အားကြီးအသင်းတစ်သင်းအဖြစ် တည်ဆောက်ကာ အောင်မြင်မှုများ ရယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အင်တာမီယာမီ အသင်းသည် ပီအက်စ်ဂျီအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် မက်ဆီကို ခေါ်ယူနိုင်ခဲ့သည့်အပြင် ၎င်း၏ ဘာစီလိုနာ အသင်းဖော်ဟောင်းများဖြစ်သည့် ဆွာရက်ဇ်၊ ဘက်စ်ကွက်နှင့် အလာဘာတို့ကိုလည်း ခေါ်ယူနိုင်ခဲ့ပြီး ယခုအခါ မိုဒရစ်ကိုပါခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# Charles Schwab Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဘင်ဂရစ်ဖင်နှင့် မက်တီရှမစ်တို့ ပူးတွဲဦးဆောင်



**တက္ကဆက် မေ ၂၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် Charles Schwab Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘင်ဂရစ်ဖင်နှင့် ဂျာမနီဂေါက်သီးရိုက်ကစားသမား မက်တီရှမစ်တို့က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျွန်ပက်ခ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီးအမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂိုလ်တာအပ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဘင်ဂရစ်ဖင်က "ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကနေ စတင်ပြီးတော့ ပြိုင်ပွဲတွေမှာ ရလဒ်ပိုင်းတွေက သိသိသာသာတိုးတက်ခဲ့ပါတယ်။ အောင်မြင်မှုရယူနိုင်ဖို့အတွက်လည်း ကိုယ့်ကိုယ်ကိုတည်ဆောက်လာနိုင်ခဲ့တယ်လို့ ယုံကြည်တယ်။ ဒီနှစ်ထဲမှာပဲ ကစားသမားဘဝရဲ့ ပထမဆုံး ဆုဖလားကို ရယူနိုင်ခဲ့ပြီးတော့ နောက်ထပ် အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ဖို့အတွက် အကောင်းဆုံးကြိုးစားသွားမယ်။ ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့တဲ့ခံစားချက်ကိုလည်း သဘောကျလာတယ်"ဟု ပြောကြားခဲ့သည်။

ဘင်ဂရစ်ဖင်သည် မကြာသေးမီကကျင်းပခဲ့သည့် Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၌ နိုဗက်ခ်နှင့်တွဲဖက်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ အနိုင်ရရှိ



**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ တောင်ဒဂုံ အားကစားကွင်းတွင် ရာမညယူနိုက်တက် အသင်းနှင့် မဟာယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရာမညယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်နှင့် မိနစ် ၉၀ တို့တွင် စောထူးဝေလရန်အောင်က သွင်းယူနိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ဇော်မင်းသန့်က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ပဒုမ္မာအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ညီညီတိုးနှင့် ပွဲချိန် ၃၁ မိနစ်တွင် ခွန်မြင့်ဆွေတို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် မေ ၂၅ ရက်တွင် Falcon အသင်းနှင့် ဒဂုံပေါ့အသင်း၊ ISPE အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အတ္တလန်တာအသင်းက လွတ်မန်း၏နေရာတွင် ချာကီနှင့်အစားထိုးရန်ပြင်ဆင်

**ရောမ မေ ၂၄**

အတ္တလန်တာအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာမည့် တိုက်စစ်ကစားသမား လွတ်မန်း၏နေရာတွင် လိုင်ယွန်အသင်းမှ ချာကီနှင့် အစားထိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

လွတ်မန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အတ္တလန်တာအသင်း ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အာဖရိကတစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ဆွတ်ခူးနိုင်သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း နည်းပြဂတ်စ်ပါရီနီနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်သည်။



အတ္တလန်တာ အသင်းက လွတ်မန်း၏နေရာတွင် အစားထိုးရန်အတွက် ကစားသမားရှာဖွေမှုများလုပ်ဆောင်နေပြီး ချာကီက ရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဟု ပြောကြားခဲ့ပြီးနောက် အတ္တလန်တာအသင်းက ခေါ်ယူရန် စတင်ကြိုးပမ်းနေခြင်းဖြစ်သည်။

လိုင်ယွန်အသင်းနှင့် ချာကီတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး လိုင်ယွန်အသင်းက လက်မလွှတ်လိုသော်လည်း ချာကီကိုယ်တိုင်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့်အတွက် ရောင်းချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မြေကြီးမှရှေသီးစေဖို့ မြေအောက်ရေကို ဆိုလာစနစ်ဖြင့် အသုံးချကြပါစို့

**ဟန်ဘုန်းမြင့်(ဆည်/ရေ)**



ဆိုလာစနစ်ဖြင့် ရေသွင်းနေမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် သဘာဝရေ၊ မြေသယံဇာတ အရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးကို အကောင်အထည်ဖော်ရာတွင် အဓိကအခန်းမှ ပါဝင်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုအားနည်းခြင်းကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် စားရေရိက္ခာဖူလုံမှုမရှိခြင်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတို့ဖြစ်ပေါ်စေသည်။ ရေမြေသယံဇာတပေါကြွယ်ဝပြီး လူသားအရင်းအမြစ်လုံလောက်စွာရှိရုံမျှဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်ပြီး ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ရေး မဆောင်ရွက်နိုင်ပေ။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ရန်အတွက် ရေမြေသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ တစ်ကေပန်းတိုင်အထွက်နှုန်းပြည့်မီရန်နှင့် မြေလွတ်မကျန် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းအားထုတ်သွားရန် လိုအပ်သည်။

မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီအာဟာရပြည့်ဝပြီး စိုက်ပျိုးသီးနှံနှင့်ကိုက်ညီသည့် အဆင့်မြင့်လယ်ယာမြေဖြစ်ရေး၊ ပျိုးထောင်ရေ၊ စိုက်ရေ၊ အောင်ရေ လုံလောက်အောင်ရရှိရေး၊ မှန်ကန်သည့် စိုက်ပျိုးနည်းစနစ်များကျင့်သုံးရေးတို့သည် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်လိုအပ်ချက်လေးခုအနက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် သဘာဝမိုးရေကိုသာ မှီခိုစိုက်ပျိုးနေရသည့်အခြေအနေမှ လိုအပ်သည့်အချိန်တွင် ရေသွင်းစိုက်ပျိုးနိုင်စေရန် ဆည်မြောင်း၊ တာတမံများတည်ဆောက်ခြင်း၊ မြေနိမ့်ပိုင်းရှိ သဘာဝမြစ်ချောင်းများမှရေကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်၍ ကုန်းမြင့်ပိုင်းရှိ လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေနိုင်သည်။ ထိုသို့ရေပေးဝေနိုင်ရန် မြစ်ရေတင်လုပ်ငန်းများ တည်ဆောက်ခြင်းအပြင် မြေအောက်ရေရရှိပြီး အခြားရေအရင်းအမြစ်များ လက်လှမ်းမမီသည့်ဒေသများတွင် မြေအောက်ရေကို ဖော်ထုတ်အသုံးချ၍ စိုက်ပျိုးရေလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် သဘာဝရေ၊ မြေအနေအထားနှင့်ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မြေအောက်ရေဖော်ထုတ်အသုံးချ၍ ဖြည့်စွက်စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများအနေဖြင့် ၁၉၉၂-၁၉၉၃ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စိုက်ပျိုးရေအတွက် စက်ရေတွင်း ၂၅၈၀၀ တူးဖော်ပေးခဲ့ပြီး စိုက်ပျိုးမြေ ၂၅၅၄၇ ဧကကို အကျိုးပြုစေခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ မြေအောက်ရေဖြင့် ဖြည့်စွက်စိုက်ပျိုးရေပေးဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီမံထားရှိသည်။

စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချနိုင်ရေး၊ ရုပ်ကြွင်းလောင်စာဆီနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုလျှော့ချနိုင်ရေးအတွက် မြေအောက်ရေစက်ရေတွင်းများတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် ရေတင်စက်များတပ်ဆင်မှုကိုလည်း နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ စိုက်ပျိုးရေအတွက် စက်ရေတွင်း ၂၂၄ တွင်း၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအား ၁၂၉၇ ဒသမ ၆၁ ကီလိုဝပ် တပ်ဆင်ခဲ့ပြီးဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျပြီး မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရက နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်လျက်ရှိရာ တောင်သူများအနေဖြင့်လည်း တက်ညီလက်ညီ လိုက်ပါဆောင်ရွက်ရန် လိုအပ်သည်။ နိုင်ငံတော်အစိုးရကဏ္ဍ၊ တောင်သူကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှသာ လျင်မြန်စွာအောင်မြင်သော အကျိုးရလဒ်ကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်ကလည်း တောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်တပ် စက်ရေတွင်းများတူးဖော်ခြင်း၊ လက်ရှိအသုံးပြုနေသော စက်ရေတွင်းများတွင် ဆိုလာစနစ်တပ်ဆင်ခြင်း၊ မြစ်၊ ချောင်း၊ ကန်၊ မြောင်းများမှရေကို ဆိုလာစနစ်ဖြင့် ရေသွင်းစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လွန်စွာသက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေကာလ တစ်နှစ်ခြောက်လသတ်မှတ်ပြီး ထုတ်ချေးပေးလျက်ရှိသည်။

**❖နိုင်ငံတော်ကလည်း တောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်တပ် စက်ရေတွင်းများတူးဖော်ခြင်း၊ လက်ရှိအသုံးပြုနေသော စက်ရေတွင်းများတွင် ဆိုလာစနစ်တပ်ဆင်ခြင်း၊ မြစ်၊ ချောင်း၊ ကန်၊ မြောင်းများမှရေကို ဆိုလာစနစ်ဖြင့် ရေသွင်းစိုက်ပျိုးခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လွန်စွာသက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေကာလ တစ်နှစ်ခြောက်လသတ်မှတ်ပြီး ထုတ်ချေးပေးလျက်ရှိသည်။ ❖**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၆၀၄ ဒသမ ၂ သန်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်၊ တောင်သူ ၁၃၂ ဦး၊ လုပ်ငန်း ၁၆၅ ခုမှ စိုက်ပျိုးမြေ ၁၃၉၂ ဒသမ ၃၃ ဧကအတွက် စိုက်ပျိုးရေရရှိရေး ပထမအကြိမ်အနေဖြင့် ထုတ်ချေးပေးပြီးဖြစ်သည်။ ဒုတိယအကြိမ်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးရေရရှိရေး လျာထားလုပ်ငန်း ၇၉ ခု၊ စိုက်ပျိုးမြေ ၅၂၂ ဒသမ ၇၁ ဧက၊ ရန်ပုံငွေကျပ် ၃၉၀ ဒသမ ၆ သန်း၊ တတိယအကြိမ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေး လျာထားလုပ်ငန်း ၁၅၂ ခု၊ စိုက်ပျိုးမြေ ၉၁၂ ဧက၊ ရန်ပုံငွေကျပ် သန်း ၁၀၀၀ ထပ်မံထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်အရ တောင်သူများအနေဖြင့် ဆိုလာစနစ်အသုံးပြုနိုင်သဖြင့် ရေသွင်းမှုအတွက် ကုန်ကျစရိတ်မရှိတော့ခြင်း၊ ရေရယူမှုကို တောင်သူဦးကြီးများကိုယ်တိုင်စီမံခန့်ခွဲနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည့်အပြင် နိုင်ငံတော်အပိုင်းကလည်း စိုက်ပျိုးရေရရှိရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏလျှော့ချနိုင်သည်နှင့်အညီ နိုင်ငံတော်အတွက် အခြားလိုအပ်သည့်ကဏ္ဍများတွင် ပိုမိုတိုးတက်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

အခြားတစ်ဖက်မှလည်း ရေလေလွင့်ဆုံးရှုံးမှုများနည်းပါးစေရန် ရေချွေတာရေး နည်းစနစ်များဖြစ်သည့် စိုတစ်လှည့်ခြောက်တစ်လှည့် ရေသွင်းစနစ်၊ အစက်ချစနစ်နှင့် ရေဖျန်းစနစ်များကို စိုက်ပျိုးသီးနှံနှင့် လိုက်လျောညီထွေရွေးချယ်အသုံးပြုခြင်းအပြင် ရေပေးဝေရေးအဆောက်အအုံများကို စနစ်တကျပူးပေါင်းထိန်းသိမ်းခြင်းဖြင့် ရေသယံဇာတအရင်းအမြစ်များကို ရေရှည်အကျိုးရှိစွာ အသုံးချနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရေရရှိရေးအတွက် ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှသာ စိုက်ပျိုးထားသောသီးနှံများအထွက်တိုးကာ မြေကြီးမှရှေသီးဆိုသည့်စကားနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာခြင်းနှင့်အတူ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးစီးပွားကဏ္ဍ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Leonardo နှင့် Weststar Aviation Group တို့က မလေးရှားစစ်ဘက်အတွက် ရဟတ်ယာဉ်များပံ့ပိုးပေးသွားရန် လက်မှတ်ရေးထိုး



Leonardo ကုမ္ပဏီနှင့် Weststar Aviation Group တို့သည် မလေးရှားစစ်ဘက်အတွက် ရဟတ်ယာဉ်များပံ့ပိုးပေးသွားရန် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြကြောင်း The Defense Post သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လန်ကာဝီမြို့ရှိ လေကြောင်း၊ အာကာသနှင့် ရေကြောင်းဆိုင်ရာပြပွဲတစ်ခုတွင် ထုတ်ဖော်ပြသခဲ့သည့်ရောင်းချမှုနှင့် ဝယ်ယူမှုမူဘောင်သည် ပန်ကာတပ်ရဟတ်ယာဉ် ၂၈ စင်းထိ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ရဟတ်ယာဉ်တချို့ကို ကွာလာလမ်ပူမြို့တော်၏ အခြားအစိုးရအေဂျင်စီများသို့ ဖြန့်ခွဲပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူမှုတွင် မတူကွဲပြားသော အမှာစာများနှင့် ရွေးချယ်စရာများ ပါရှိမည်ဖြစ်ပြီး ရဟတ်ယာဉ်အုပ်တွင် တာဝန်ထမ်းဆောင်မည့် သက်ဆိုင်ရာ ရဟတ်ယာဉ်မှုးနှင့် အော်ပရေတာများအတွက် ပြည်တွင်းဖြစ် သင်တန်းပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့လည်း ပါဝင်ကြောင်း သိရသည်။ သဘောတူညီချက်အရ တိုက်ပွဲဝင်သက်သေပြထားသော AW149 အလတ်စား ဘက်စုံသုံးရဟတ်ယာဉ်ကို တော်ဝင်မလေးရှားလေတပ်နှင့် ကြည်းတပ်တို့အတွက် တိုက်ခိုက်ရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရည်မှန်းချက် တာဝန်များထမ်းဆောင်ရန် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြား အစိုးရအေဂျင်စီများအတွက် ဖြန့်ခွဲအသုံးပြုမည့် ရဟတ်ယာဉ်များတွင် တရားဥပဒေစိုးမိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် အမိမြေလုံခြုံရေး မစ်ရှင်များကို လုပ်ဆောင်နိုင်ရန်စနစ်များ ပါဝင် ဖွဲ့စည်းပေးထားမည်ဖြစ်သည်။ လွှဲပြောင်းလက်ခံဆောင်ရွက်မှုကိုလာမည့် ၂၀၂၆ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိသတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ ပံ့ပိုးရေးအစီအစဉ်တစ်လျှောက်လုံးတွင် မလေးရှားနိုင်ငံရှိ Leonardo ကုမ္ပဏီ၏ ရဟတ်ယာဉ်လေ့ကျင့်ရေး အကယ်ဒမီမှ ရောက်ရှိလာမည့် ရဟတ်ယာဉ်များနှင့် ပတ်သက်၍ ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ရဟတ်ယာဉ်တွင် တာဝန်ထမ်းဆောင်မည့် ရဟတ်ယာဉ်မှူးအပါအဝင် တပ်ဖွဲ့ဝင် သင်တန်းသားများအတွက် ဆင်မြူလေတာများဖြင့် ပျံသန်းမှုများ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အပြန်အလှန်တုံ့ပြန်ဆောင်ရွက်ခြင်းများ ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီအနေဖြင့် အီလက်ထရွန်နစ် အစိတ်အပိုင်းများ၊ တွက်ချက်မှုစနစ်များနှင့် ပန်ကာဒလက်များ ကြံ့ခိုင်ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် အလုံးစုံပြုပြင်မွမ်းမံခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့သွားရန်စီစဉ်နေပြီး အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတကာပံ့ပိုးကူညီပေးရေးဌာနချုပ်အဖြစ် Leonardo ကုမ္ပဏီ၏ အခန်းကဏ္ဍကို ပိုမိုအဆင့်မြှင့်တင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

"ဒီလုပ်ဆောင်ချက်ဟာ ခိုင်မာတဲ့ တည်ရှိမှုနဲ့ မလေးရှားနိုင်ငံတွင်းရှိ Leonardo ရဲ့ နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုတွေအပေါ်မှာ အခြေခံတည်ဆောက်ထားပြီး အဓိကကျတဲ့ လုံခြုံရေးနဲ့ အသက်ကယ်ရာ လုပ်ငန်းတာဝန်များအတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်ကုမ္ပဏီဖြစ်တဲ့အပြင် ဒေသတွင်းစီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် ပါ သက်သေပြနေပါတယ်"ဟု Leonardo Helicopters မန်နေဂျင်းဒါရိုက်တာ Gian Piero Cutillo က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုပေးနိုင်ရန် အရေးကြီးအချက်အချာတစ်ခု အဖြစ်ဆက်လက်တည်ရှိနေပြီး ကျွန်ုပ်တို့၏ နည်းပညာနှင့်ဝန်ဆောင်မှုများကိုအကောင်းဆုံး လုပ်ဆောင်နိုင်စေရန် ကတိပြုထားခြင်းလည်းဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**Leonardo and Weststar Aviation Group have signed an agreement to deliver a mix of helicopters for the Malaysian Armed Forces ကို ဘာသာပြန်ဆိုထားပါသည်။**

## Hybrid Drones ကုမ္ပဏီက MBDA ထံမှ အကြီးစားဒရုန်းတိုးတက်ဖွံ့ဖြိုးမှုများလုပ်ဆောင်ရန် ဘဏ္ဍာရေးအကူအညီများရရှိ

ဗြိတိန်နိုင်ငံအခြေစိုက် Hybrid Drones ကုမ္ပဏီသည် ဥရောပတိုက်၏ နာမည်ကျော် ကာကွယ်ရေးကုမ္ပဏီ MBDA ထံမှဘဏ္ဍာရေးဆိုင်ရာ အကူအညီရရှိထားပြီး Hydra 400 အကြီးစားသယ်ယူပို့ဆောင်ရေးဒရုန်း တိုးတက်ဖွံ့ဖြိုးမှုများ လုပ်ဆောင်နိုင်စေမည်ဟု The Defense Post သတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Hydra 400 အကြီးစား သယ်ယူပို့ဆောင်ရေးဒရုန်းသည် ဒဏ်ရာရ၊ အသေအပျောက် ကယ်ဆယ်သယ်ဆောင်ရန်နေရာများ၊ ကုန်တင်၊ ကုန်ချ သို့မဟုတ် လက်နက်စနစ်များအပါအဝင် အလေးချိန်မြင့်မားသော Payload အမျိုးအပြားကို သယ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ MBDA သည် စွန့်ဦးတီထွင်ရေးကုမ္ပဏီ၏ရှယ်ယာရှင်များထဲမှ တစ်ခုအဖြစ်ပါရှိနေခြင်းက ဒရုန်းတွင် လက်နက်မျိုးစုံတပ်ဆင်အသုံးပြုနိုင်ရေးအတွက် သိသာထင်ရှားစွာ အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

MBDA ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ မူလက ပူးပေါင်းဆောင်ရွက်မှုသည် နည်းပညာပိုင်းဆိုင်ရာတွင် ဆန်းသစ်တီထွင်မှုကို သွက်လက်မြန်ဆန်စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားသော်လည်း လက်ရှိထပ်မံရင်းနှီးမြှုပ်နှံမှုသည် ဘဏ္ဍာရေးဆိုင်ရာ ကျောထောက်နောက်ခံပြုခြင်းထက်ကျော်လွန်၍ ဒရုန်းနည်းပညာ တိုးတက် ဖွံ့ဖြိုးမှုများကို ဆက်လက်လုပ်ဆောင်နိုင်စေလိမ့်မည်။ ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုမြင့်မားသော လုပ်သားအင်အားများကို ပြည်တွင်း၌ ထိန်းသိမ်းထားနိုင်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းရည်များအတွက် အဓိပ္ပာယ်ပြည့်ဝစွာပံ့ပိုးကူညီနိုင်စေမည်ဖြစ်သည်ဟု Hybrid Drones ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ Stephen Prior က ပြောကြားခဲ့သည်။

Hydra 400 အကြီးစား ဒရုန်းအယူအဆကို ၂၀၂၃ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး အလေးချိန် ကီလိုဂရမ် ၅၀ ရှိသော ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည် သုံးစင်းတပ်ဆင်ပစ်ခတ်နိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် မိတ်ဆက်ပြသခဲ့သည်။ လျှပ်စစ်ရဟတ်များနှင့် Single Spool ဂျက်တာဘိုင်အင်ဂျင်တို့ ပေါင်းစပ်ထားသောကြောင့် Hydra 400 သည် Payload အလေးချိန် ကီလိုဂရမ် ၄၀၀ သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ထို့ပြင် ဒရုန်း၏ ကျစ်လျစ်သောအရွယ်အစားသည် နောက်တွဲထရပ်ကားပေါ်တွင် အဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ပြီး ပျံသန်းတာဝန်ထမ်းဆောင်ရန်အတွက် ခြောက်မိနစ်အတွင်း တပ်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။




ဆန်းသစ်တီထွင်မှုနှင့် ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှုစွမ်းရည်များ လွှဲပြောင်းပေးအပ်ခြင်းသည် MBDA ကုမ္ပဏီ၏ ရေရှည် မျှော်မှန်းချက် တစ်စိတ်တစ်ပိုင်းဖြစ်သည်။ Hybrid Drones ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုသည် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုအတွက် နောက်တစ်ဆင့်တက်လှမ်းနိုင်လိမ့်မည်ဖြစ်သည်ဟု MBDA ကုမ္ပဏီမှ အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေး ဒါရိုက်တာ Suzanne Jude က ပြောကြားခဲ့သည်။

Hybrid Drones ကဲ့သို့သော တက်ကြွသွက်လက်သော SMEs (အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ) ကို ပံ့ပိုးခြင်းဖြင့် ကျွန်ုပ်တို့သည် ထုတ်ကုန်တစ်ခုတွင် ရင်းနှီးမြှုပ်နှံရုံသာမက အနာဂတ်တွင် ကာကွယ်ရေးဂေဟစနစ်များ၏ ပိုမိုရှုပ်ထွေးနက်နဲသော ကမ္ဘာ့ကာကွယ်ရေးအခင်းအကျင်း၌ ပြိုင်ဆိုင်မှုအသာစီးရရှိနိုင်ရေးအတွက် ခိုင်မာအားကောင်း စေလိမ့်မည်ဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**MBDA Invests in Developer of Innovative Hydra Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets Shan State level departmental officials and town elders from Kengtung, discusses regional development






Senior General Min Aung Hlaing meets Shan State level departmental officials and town elders from Kengtung.

**Nay Pyi Taw May 24**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met Shan State level departmental officials and town elders from Kengtung at the town hall of Kengtung, Shan State (East) this afternoon and discussed regional development.

Present at the meeting together with the Senior General were Joint SAC Secretary General Ye Win Oo, SAC member General Nyo Saw, union ministers, the Shan State chief minister, senior military officers from Office of Commander-in-Chief, the Triangle Region Command commander, Shan State level departmental officials and town elders from Kengtung, local people and officials.

**Data and information about the area and requirements for its progress**

Chair of administrative division of Shan State (East) deputy administrator of the state U Zaw Lwin Oo reported on population of the area, progress in implementing the guidance given by the Senior General, agriculture activities, cultivation of monsoon and summer paddy to meet the target, provision of seeders and seed to farmers, edible oil crop cultivation and oil production, soybean and kitchen crops cultivation and production, cultivation and production of other crops, corn, coffee, tea, rubber, and exports, land reclamation, shade tree and windbreaker cultivation, extension of farming activities, animal feed production and distribution in the area, loan disbursement and financial assistance from national economic promotion funds for MSME development, anti-illicit trade campaigns, income from local and foreign tourism, road transport improvement, electricity generation and extension plans, school enrolment activities, matriculation examination pass rate in 2024, opening of agriculture, farming and mechanical high schools, opening of universities and colleges, healthcare for locals, holding of various kinds of sports events for development of the sports sector of the region, development of libraries, and progress in upgrading the Kengtung-Loimway road.

Local elders then reported on upgrading of the existing 200-bed hospital in Kengtung into a 300-bed one due to the increase in population, upgrading of Loimway station hospital, cleanliness and fencing of Loimway lake. The Shan State chief minister and state and district level officials attended to the needs and also presented the requirements.

**Union ministers explained matters relating to the reports of the local elders and ministry-wise undertakings**

In clarifying the reports and ministry-wise undertakings, Union Minister for Agriculture, Livestock and Irrigation U Min Naung explained land use, abidance of the vacant, fallow, virgin land law in using land for any purpose, and the need to use land according to the permitted prescriptions. He said applications for land use that meet the procedures are permitted for the national and regional interest. Use of land for other purposes must be undertaken in accord with the farm law. Union Minister for Natural Resources and Environmental Conservation U Khin Maung Yi explained the forested area of Myanmar, saying the country has an abundance of bamboo resources, but bamboo production is declining. If Shan State sets up bamboo-based industries it will benefit the nation and the region a lot. He then explained annual depletion of forest areas, forest conservation and benefits such as favorable climate and regional greening, decrease in cross-border haze problem and tripartite anti-haze cooperation among Myanmar, Thailand and Laos, collective efforts for preventing stubble burning and slash-and-burn practices. Union Minister for Education Dr Nyunt Pe explained opening of basic education schools and universities and colleges in Shan State (East), running of basic education and mechanical, agriculture and farming high schools, collective encouragement and support for increasing the number of students, portable water supply and hygienic conditions of schools, school enrolment, collective involvement of parents, people and departments for ensuring 100% school enrolment.

**Discussion on Reports and Regional Development Efforts**

After hearing the reports, the Senior General delivered a speech, saying that each time he visited the Kengtung area, he met with officials at the state and district levels as well as town elders in Shan State (East) to discuss regional development and it is necessary to disseminate salient points during these meetings down to the township level. The government has been exerting consistent efforts to improve the socio-economic conditions of various regions. It is necessary to assign duties to experienced doctors to upgrade the 200-bed Kengtung General Hospital to a 300-bed facility. The necessary coordination with relevant ministries will be undertaken to facilitate this upgrade. Regarding the upgrade of Loimwe Hospital, improvements had been made to the Kengtung–Loimwe road to enhance accessibility. As a result, with easier travel the access to the hospital becomes easier and a review will be conducted to consider upgrading Loimwe Hospital as well to increase the low number of patients and staff at the hospital.

**Education Must Be Prioritized for National Development, Starting from Each Region**


The government is actively working to improve the education and healthcare sectors in eastern Shan State. For national development to succeed, it is essential to produce a large number of educated individuals. In eastern Shan State, school attendance is low, and student progression between grade levels is also limited due to language barriers and the economic difficulties of parents. To ensure regional development, it is necessary to possess educated human resources, who can drive progress in social, economic, administrative, and agricultural areas. During my tenure, policies were enacted to assign graduates of ethnic degree colleges to relevant states and regions. Due to shortages of education personnel in some states, efforts are underway to assign staff to nearby suitable locations. During the term of the government, it introduced policies to promote teachers based on their degrees and postgraduate degrees. In border regions, many school-age children only go to school up to primary level and drop-out rate is high. Therefore, education development in these border regions must be prioritized. Lessons taught at schools include not only academic subjects but also moral education and discipline. It is necessary for schools to ensure that children can learn good habits and national disciplines at school. To promote development in eastern Shan State, there must be an abundance of well-educated individuals. Teachers must also meet high standards to nurture competent human resources. If these skilled individuals can be cultivated, they will be capable of undertaking high-level responsibilities and contributing to the region's interests.

Efforts have been made to consult with responsible authorities and professionals to provide technical education through polytechnic programs.

*See Page 13*

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects general staff, adjutant and quartermaster affairs in Triangle Region Command





Senior General Min Aung Hlaing hears reports during his inspection tour of general staff, adjutant and quartermaster affairs in Triangle Region Command.

**Nay Pyi Taw May 24**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin, Commander-in-Chief (Navy) Admiral Htain Win, Commander-in-Chief (Air) General Tun Aung, and high-ranking military officers from the Office of the Commander-in-Chief, inspected general staff, adjutant and quartermaster affairs of the Triangle Region Command this afternoon.

First, Triangle Region Command Commander Brigadier General Soe Hlaing briefed on the current security, territorial control, and law enforcement measures within the command's jurisdiction. He highlighted efforts to prevent illegal trade along border areas, enforce the rule of law, and combat online scams and gambling. Additionally, he reported on cooperation with neighbouring countries, security operations along the Mekong River, border security measures, crackdowns on cross-border crimes, human trafficking prevention, and anti-narcotics operations. He also explained that the command also supports Tatmadaw personnel and their families through subsidized agricultural projects, ensuring affordable access to essential goods.

**Emphasis on national and regional security**

Following the briefing, the Senior General stressed the importance of continuous vigilance in maintaining regional and national security. He urged military units to successfully execute their assigned operational, security, and territorial control duties. He emphasized that combat readiness must be maintained at all levels, with regular training for both individual soldiers and units. He noted that disciplined leadership fosters disciplined and effective forces.

The Senior General called for enhanced coordination among command headquarters and operational units. Success in military operations, he stated, depends on thorough knowledge of terrain, intelligence, logistics, and security coordination. With proper execution, any operational or security challenge can be overcome.

**Welfare of military personnel**

Regarding welfare, the Senior General acknowledged increased funding support and encouraged the expansion of military-run and manageable-scale farming initiatives to improve living standards for Tatmadaw members and their families. Commanding officers were instructed to closely monitor and address operational, administrative, and livelihood challenges faced by their troops. While the Tatmadaw provides basic necessities, officers must ensure disciplined living standards and personal development among their personnel.

The Senior General underscored the need for soldiers to master combat skills and proficiently use issued weapons with courage. Well-trained units, he said, contribute to both defence and local development. Military units stationed in respective regions were encouraged to support community development and public welfare initiatives to the best of their ability. 100

---

*From Page 12*

Polytechnic universities that integrate computer and technology education have been successfully launched. Plans are also underway to open Polytechnic Institutes for those who fail to pass matriculation exams. After successfully completing the first year, students will receive a certificate; those who complete an additional two years will earn a diploma. These students can then continue their studies at Polytechnic Universities.

Industrial, agricultural, and technical high schools are also being opened for those who complete middle school education. Through technical education, excellent students can be developed, and skilled professionals will emerge in both agriculture and industry sectors. Therefore, it is hoped that everyone will work together to ensure the success of educational enhancement efforts undertaken by the state.

**It is essential to work toward the socio-economic development of the region**

In the agricultural sector, it is essential to implement four key methods: improving seed quality, enhancing soil management, ensuring efficient water usage, and applying proper farming techniques. Fundamental agricultural knowledge is currently being taught at the high school level, specifically in Grades 10, 11, and 12. Reducing the prices of basic food products in Shan State (Eastern) is essential. To achieve this, it is important for all stakeholders to work collaboratively to boost production and help bring down costs. In the Kengtung region, it is essential to cultivate sufficient quantities of both summer and monsoon rice while also enhancing the quality of rice for consumption. If rice production aligns with established goals and objectives, the region will not only achieve food self-sufficiency but also generate a surplus. According to calculations, achieving the country's crop production targets could increase national income by more than 8 billion US dollars. Similarly, if the full potential of multiple cropping is utilized, it could generate an additional revenue of approximately 14 billion US dollars. If locally produced agricultural and livestock products can be exported to neighboring countries, it would boost local income and contribute to the region's socio-economic development. They were urged to adopt modern cultivation methods for locally grown crops and focus on producing marketable products.

**Region's abundant bamboo resources should be utilized to drive regional development**

Furthermore, since Shan State (Eastern) has abundant bamboo resources, bamboo-related products can be produced and used for regional economic development. For example, products such as bamboo pulp, bamboo-based consumer goods, and bamboo-derived food items will be produced and marketed. Similarly, economic development can be fostered by boosting the production of high-quality goods, including rice-based products and other locally successful agricultural commodities. To support the development of the Kengtung region, the government is undertaking upgrades of Kengtung, Tachileik, and Mong Hsat airports, along with improvements to road infrastructure.

Gross Domestic Product (GDP) plays a crucial role in national development. Given that the country's GDP lags behind that of neighboring nations, it is imperative to intensify efforts to accelerate economic growth. For the development of the Kengtung region, it is essential that all local residents and relevant government officials work collaboratively and make concerted efforts. What is most important is the active participation and engagement of residents in development efforts.

Access to electricity is a fundamental requirement for implementing development initiatives. As the Kengtung region already possesses favorable conditions for electricity generation, the government will provide necessary support should the region choose to initiate its own power generation projects. If all administrative bodies, community leaders, and local residents in the region work together and make concerted efforts, lasting regional stability and peace can be achieved. It was reported that such efforts would contribute to national development, and therefore, collective cooperation from all stakeholders is essential. 100

# Lawkatharaphu Pagoda enshrined with religious objects in the precinct of Buddha Park (Pankwe) in Kengtung of Shan State (East)



Senior General Min Aung Hlaing goes round on the platform of the Lawkatharaphu Pagoda.



Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and the congregation taking the Nine Precepts from Sayadaws.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer a Buddha statue to a Sayadaw.



Senior General Min Aung Hlaing sprinkles scented water on a religious object.

**Nay Pyi Taw May 24**

A ceremony to enshrine religious objects into Lawka Tharaphu Pagoda took place in the precinct of Buddha Park (Pankwe) in Kengtung of Shan State (East) this morning, attended by members of the Sangha led by State Ovadacariya Presiding Patron of Tuya Monastery from Kengtung Aggamaha Ganthavacaka Pandita Bhaddanta Paññasami.

Also present at the ceremony were Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, Council Joint Secretary General Ye Win Oo and his wife, council members and their wives, Union ministers, the Chief Minister of Shan State and his wife, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, the commander of Triangle Region Command, guests, officers, other ranks, families, members of religious association and ethnic people.

**Observation of meritorious donation, Sila and meditation**

The ceremony was opened with three-time recitation of Namo Tassa. The congregation led by the Senior General and his wife took the Nine Precepts from the Presiding Patron of Tuya Monastery. Laypersons offered flowers, water, thread and sand to be dubbed with Parittas to members of the Sangha. They also listened to Parittas recited by members of the Sangha.

Laypersons scattered Paritta flowers, water, thread and sand in the precinct of the pagoda.

The Senior General and his wife offered the bejewelled crown and religious objects dedicated to the Lord Buddha to venerable Sayadaws and donated offertories. The Joint Secretary, council members, Union ministers and attendees to the ceremony offered alms to members of the Sangha.

The Senior Genera, his wife and attendees took a sermon delivered by Pro-Rector of Shan State Buddhist University (Taunggyi) Saddhammajotikadhaja Bhaddanta Vicittabhipala and shared merits gained.

**Enshrining religious objects**

In the second-portion of the agenda, the ceremony to enshrine religious objects into the pagoda followed. The Senior General, his wife and party took the designated places and passed on the crown and objects to each other and conveyed them round the pagoda clockwise.

Venerable Sayadaws and laypersons went to the reliquary. At the auspicious time, Presiding Patron of Siladhamma Kontha Tawya of Kengtung Aggamaha Saddhammajotikadhaja Bhaddanta Kovida, called Wazipeik Sayadaw, and the Senior General enshrined the bejewelled crown and religious objects into the reliquary and sprinkled scented water on it.

Members of the Sangha recited Jayanto Bodhiyamule Gatha while laypersons and architects closed the reliquary.

*See Page 15*


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



Senior General Min Aung Hlaing views healthcare services being provided to a patient.



Senior General Min Aung Hlaing inspects a hospital ward.

*From Page 14*

The master of ceremonies read the paper on sharing merits, and he shared merits gained and sent back celestial beings. Then, the ceremony ended with three-time recitation of Buddha Sasanam Ciram Titthatu.

The Senior General and his wife performed rituals of golden and silver showers to mark the successful completion of the ceremony. The Senior General and party went round the pagoda clockwise.

**Opening of Siladhamma Hospital**

Furthermore, a ceremony to inaugurate Siladhamma Hospital built in the precinct of the Buddha Park was held. Mahadhammakathika Bahujanahitadhara Bhaddanta Ñanasiri explained the purpose of opening the hospital. U Min Nyo, the leader of Arkha ethnic group of Kengtung spoke words of thanks.

At the auspicious time, the Wazipeik Sayadaw, the Senior General and wife opened the hospital.

The Senior General and his wife sprinkled scented water on the plaque of the hospital while the Joint Secretary sprayed the plaque with the scented water.

The Senior General, his wife and party visited the hospital. The Senior General inspected giving healthcare services to the people at Siladhamma Clinic during the period of building Siladhamma Hospital, treatments for outpatients from 2024 to date, construction of the hospital with the aim of providing healthcare services to the ethnic people from Pankwe Hill and surrounding areas as well as to the persons taking meditation in the precinct of the Buddha Park, pilgrims and monks, medical treatment for patients at the special care units through teleconsultation with local and foreign specialists, the medical wards and the operation theatres and left necessary instructions to officials.

After the ceremonies, the Senior General, his wife and attendees offered a lunch meal to members of the Sangha. 100

# Labutta Township ships over 60,000 visses of baigai shells to Yangon in April

**Pyapon May 24**

Labutta Township sold 66,000 visses of baigai shells to Yangon market in April, said Daw Aye Moe, an owner of fishery products trading business in Labutta Township, Ayeyawady Region.

Labutta Township transported only 47,000 visses of baigai shells to Yangon in March, and from April 1 to 30, 66,000 visses of baigai shells were sold.

"Currently, the Yangon market is buying seafood products from here. The price changes depending on the freshness and cleanliness of the baigai shells. The recent increase in exports of baigai shells is due to the fact that shops selling seafood are buying them. The main beneficiaries of the increase in exports are fishery products business owners and traders," she said.



Baigai shells seen at a market.

The price of one viss of baigai shells sold from Labutta Township is up to 21,000 kyats, and the good sales and export of other seafood products in the area, in addition to baigai shells, are creating good job opportunities for fishermen, independent traders, market operators, traders, and truck rental operators. KKL

# Htigyaing Township plans over 1,000 acres of vegetable cultivation this rainy season

**Htigyaing May 24**

More than 1,000 acres of vegetables are set to be planted in Htigyaing Township, Katha District, Sagaing Region during this year's rainy season, according to the Department of Agriculture for Htigyaing Township.

Htigyaing Township is set to plant 1,256 acres of vegetables during the 2025-2026 rainy season, and the vegetable crops will be planted starting from the third week of May this year.

"Mustards, chili, spices, potatoes, eggplant, and cabbages will be planted. We will provide farmers with technology to grow all vegetables using the GAP system. We will provide farmers with technology to grow all vegetables in a healthy way with minimal chemical residues," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

Htigyaing Township grows a variety of vegetables according to the season every year. The vegetables they grow are successful and generate family income. The Township Agriculture Department will provide farmers with training on proper planting methods, pest control, and education on the use of natural fertilizers, natural pesticides and insecticides. 206

# Trump threatens potential tariffs on smartphones not made in U.S.

**Washington May 24**

U.S. President Donald Trump on Friday threatened to impose tariffs on Samsung and other smartphone producers, following an earlier announcement targeting Apple.

"It would be more, it would be also Samsung and anybody that makes that product. Otherwise it wouldn't be fair," Trump told reporters at the White House Friday afternoon, when asked whether the president has the power to tariff one single company.

"That'll start on, I guess, the end of June ... I think we have that appropriately done by the end of June," Trump said.

Samsung is a South Korean company, with its Galaxy series a major competitor to Apple's iPhones.

Earlier in the day, Trump announced on social media that he will impose 25 percent tariff on Apple products unless iPhones are made in the United States.

"I have long ago informed Tim Cook of Apple that I expect their iPhone's that will be sold in the United States of America will be manufactured and built in the United States, not India, or anyplace else. If that is not the case, a Tariff of at least 25 percent must be paid by Apple to the U.S.," Trump wrote in a post on Truth Social.

Xinhua



Photo taken on May 23, 2025 shows an Apple store in Brussels, Belgium.




နိုင်ငံတော်ဩဝါဒါစရိယ ကျိုင်းတုံမြို့ တူးယားကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာသရဖူတော်ကြီးနှင့်ဌာပနာတော်များကို သွင်းလှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။

ရှေ့ဖုံးမှအဆက်

**ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ဆည်းပူးခြင်း**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက တူးယားကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ၎င်းနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်တို့ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို သံဃာတော်များထံ သာဟတ္ထိက ဒါနမြောက် လက်ရောက်ဆက်ကပ်ပူဇော်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ပြည်ထောင်စုဝန်ကြီးများနှင့်အခမ်းအနားတက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို စေတီတော်မြတ်ကြီးအား လက်ယာရစ်ပင့်ဆောင်ပူဇော်ကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်(တောင်ကြီး)ဒုတိယပါမောက္ခချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစိတ္တာဘိပါလ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**ဌာပနာတော်သွင်းလှူပူဇော်ခြင်း**

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဆက်လက်ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူ၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကိုလက်ဆင့်ကမ်းပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီးများနှင့် ဘုရားဒါယကာများက ဌာပနာတော်တိုက်သို့ ကြွရောက်တော်မူကြပြီး မင်္ဂလာအချိန်တွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့က ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကိုသွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာမူလေ" အစချီသည့် ဇယမင်္ဂလာအောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြပြီး ဘုရားဒါယကာများနှင့် ဗိသုကာပညာရှင်များက ဌာပနာတော်တိုက်ကို ပိတ်ကြသည်။

ဆက်လက်ပြီး အခမ်းအနားမှူးက "အောင်ဆုမင်္ဂလာ အမျှဝေစာတမ်း"ကို ဖတ်ကြား၍အမျှပေးဝေခြင်းနှင့် နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီးနောက် လောကသရဖူစေတီတော်ဌာပနာတော်သွင်းလှူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာပြီးမြောက်ခြင်းအဖြစ် ရတနာရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လောကသရဖူစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

**သီလဓမ္မဆေးရုံတော်ဖွင့်လှစ်ခြင်း**

ဆက်လက်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ အသစ်ဆောက်လုပ်ပြီးစီးခဲ့သည့် သီလဓမ္မ

ကာလထိ ပြင်ပလူနာအဖြစ် ကုသပေးခဲ့မှု အခြေအနေများ၊ ပန်ကွဲတောင်ပေါ်နှင့် ပတ်ဝန်းကျင်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးရန်၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း လာရောက်တရားအားထုတ်သူများ၊ ဘုရားဖူးလာရဟန်းရှင်လူများအတွက် ခရီးသွားကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် သီလဓမ္မဆေးရုံတော်ကိုတည်ဆောက်ခဲ့မှုအခြေအနေများ၊ အထူးကြပ်မတ်ကုသဆောင်၌ လူနာများကုသရာတွင် ပြည်တွင်း၊ ပြည်ပမှ အထူးကျွမ်းကျင်သည့်ဆေးပညာရှင်များနှင့် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးတိုင်ပင်ကုသခြင်းစနစ်(Teleconsultation)ဖြင့် ဆေးကုသမှုများဆောင်ရွက်ပေးထားရှိမှုနှင့် လူနာခန်းများ၊ ခွဲစိတ်ကုသခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်



လောကသရဖူစေတီတော်မြတ်ကြီး၌ သွင်းလှူပူဇော်ခဲ့သည့် ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်(ပန်ကွဲ) ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် လောကသရဖူစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။



ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော်က ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို သွင်းလှူပူဇော်ပြီး အမွှေးနံ့သာရည်ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လောကသရဖူစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

ဆေးရုံတော် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဉာဏသိရီက သီလဓမ္မဆေးရုံတော်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားပြီး ကျိုင်းတုံဒေသခံ အာခါတိုင်းရင်းသားလူမျိုးအကြီးအကဲ ဦးမင်းညိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်ရောက်သည့် အချိန်တွင် ဝစီပိတ်ဆရာတော်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သီလဓမ္မဆေးရုံတော်ကို မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သီလဓမ္မဆေးရုံတော် မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကိုအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူးက မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် သီလဓမ္မဆေးရုံတော်အတွင်းလှည့်လည်ကြည့်ရှု၍ သီလဓမ္မဆေးရုံတော် တည်ဆောက်နေစဉ်ကာလအတွင်း သီလဓမ္မဆေးခန်းဖွင့်လှစ်ကုသပေးခဲ့မှုအခြေအနေများ၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် လက်ရှိမှာကြားသည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ အသစ်ဆောက်လုပ်ပြီးစီးခဲ့သည့် သီလဓမ္မဆေးရုံတော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေး

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မဲခေါင်မြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ဒေသလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေး၊ တရားမဝင်လူကုန်ကူးမှုများမရှိစေရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုများနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်နေသူများမရှိစေရေး အိမ်နီးချင်း

## ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်များအလိုက် မိမိတို့တာဝန်ယူထားရသည့် နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် လိုကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တစ်ဦးချင်းစီအလိုက်၊ တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေး သင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်တိုက်စွမ်းအားကောင်းမွန်သည့်တပ်များဖြစ်လာမည်ဖြစ်ကြောင်း။

တပ်ဌာနချုပ်များ၊ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေဒေသ၏ မြေအနေအထားနှင့် သတင်းအချက်အလက်များ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများ၊လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားမှသာလျှင် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊မိမိတို့လုပ်သင့်သည်များကို မှန်မှန်ကန်ကန်ဆောင်ရွက်နေမည်ဆိုပါက မည်သည့်စစ်ဆင်ရေး၊လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ထောက်ပံ့ငွေများကို တိုးမြှင့်ပေးလျက်ရှိကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ အနီးကပ် ကြပ်မတ်ကွပ်ကဲနေရသည့် တပ်မှူးများအနေဖြင့် မိမိတပ်နှင့် မိမိစစ်သည်များ၏ လုပ်ငန်းခွင်အခက်အခဲများ၊ အုပ်ချုပ်မှုဆိုင်ရာအခက်အခဲများနှင့် စားဝတ်နေရေးဆိုင်ရာအခက်အခဲများကို စဉ်ဆက်မပြတ် စောင့်ကြည့်အကဲခတ်သိရှိနေရန်လိုပြီး တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်း၏ စားရေး၊နေရေး၊ဝတ်ရေး၊ကျန်းမာရေးတို့ကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျ နေထိုင်သွားလာစားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

စစ်သည်တစ်ဦးချင်းအနေဖြင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ပိုင်နိုင်စွာတတ်မြောက်ရမည်၊ တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် တပ်ရင်း၊ တပ်ဖွဲ့များဖြစ်လာမည်ဖြစ်ကြောင်း၊လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ ကျောဖုံးမှအဆက်

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး(ကျိုင်းတုံ) ဦးဇော်လွင်ဦးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း လူဦးရေစာရင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နွေစပါးနှင့် မိုးစပါးသီးနှံအား ပန်းတိုင်အထွက်နှုန်းအတိုင်းရရှိရေးဆောင်ရွက်လျက်ရှိမှု၊ တောင်သူများထံသို့ မျိုးစေ့ချက်ကိုရီယာများနှင့် မျိုးစေ့များထောက်ပံ့ပေးအပ်ခဲ့မှု၊ ဒေသတွင်းဆီဖူလုံမှုနှင့် ဆီထွက်သီးနှံများပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ စားဖိုဆောင်သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိမှုနှင့် အခြားသီးနှံများဖြစ်သည့် ပြောင်း၊ ကော်ဖီ၊ လက်ဖက်၊ ရော်ဘာအားစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်မှု၊ ကုန်းမြင့်လယ်ယာမြေများဖော်ထုတ်ပေးလျက်ရှိမှု၊ အရိပ်ရလေကာပင်များစိုက်ပျိုးလျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ တိရစ္ဆာန်အစာထုတ်လုပ်ခြင်းများဆောင်ရွက်၍ ဒေသတွင်းဖြန့်ဖြူးထုတ်လုပ်ရောင်းချပေးလျက်ရှိမှု၊ MSME လုပ်ငန်းများတိုးတက်ရေးအတွက် ချေးငွေများထုတ်ပေးထားရှိမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေမှ ထုတ်ချေးပေးထားမှု၊ ဒေသတွင်း တရားမဝင်ကုန်သွယ်မှုများ ဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှု၊ ပြည်တွင်းပြည်ပခရီးသွား လုပ်ငန်းများမှ ဝင်ငွေရရှိမှု၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများမှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်လျက်ရှိမှုနှင့် တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၄ ခုနှစ်အတွင်း တက္ကသိုလ်ဝင်တန်းများဖြေဆိုအောင်မြင်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ တက္ကသိုလ်ကောလိပ်များ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း အားကစားကဏ္ဍတိုးတက်စေရေး အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိမှု၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျိုင်းတုံ-လွယ်မွေ လမ်းချောမွေ့ကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**တိုင်းပြည်တစ်ခုတိုးတက်ရေးအတွက် GDPသည် အရေးကြီးပြီး နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်၊ ကျိုင်းတုံ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဒေသတွင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန်လို . . .**

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ကျိုင်းတုံမြို့တွင်နေထိုင်သူ လူဦးရေများပြားလာခြင်းနှင့်အတူ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျိုင်းတုံမြို့ရှိ ခုတင်-၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခုတင်-၃၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ လွယ်မွေမြို့ရှိ တိုက်နယ်ဆေးရုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ လွယ်မွေရေကန် သန့်ရှင်းမှုရှိစေရေးနှင့် ကျွဲနွားများ ဝင်ရောက်မှုမရှိစေရေးအတွက် ခြံစည်းရိုးကာရံပေးစေလိုမှုတို့နှင့် ပတ်သက်၍ တင်ပြကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လုပ်ငန်းလိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

### မြို့မိမြို့ဖများ၏ တင်ပြချက်များနှင့် ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြား

ဆက်လက်ပြီး မြို့မိမြို့ဖများ၏တင်ပြချက်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ပြန်လည်ရှင်းလင်းပြောကြားရာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ၊ မြေများကို အကြောင်းအမျိုးမျိုးဖြင့် အသုံးချရာတွင် မြေလွတ်၊မြေလပ်၊မြေရိုင်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှု၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ခွင့်ပြုထားသည့် သတ်မှတ်ချက်များနှင့် အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ မြေအသုံးချမှုနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်မည်ဆိုပါက နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမြေများအား အခြားနည်းဖြင့် အသုံးပြုမည်ဆိုပါက လယ်ယာမြေဥပဒေနှင့်အညီသာ ဆောင်ရွက်ရန် လိုအပ်မှုတို့ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအတွင်း သစ်တောဧရိယာဖုံးလွှမ်းမှု၊ ဝါးသယံဇာတများပြားစွာရှိသည့်နိုင်ငံတစ်ခုဖြစ်ပြီး ယခုနောက်ပိုင်းတွင် ဝါးထုတ်လုပ်မှုအနေဖြင့် ကျဆင်းလာလျက်ရှိသည်ကိုတွေ့ရှိရမှု၊ ရှမ်းပြည်နယ်အတွင်း ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံနှင့် ဒေသတွင်းအတွက် အကျိုးများစွာဖြစ်ပေါ်စေနိုင်မှု၊ နှစ်အလိုက် သစ်တောဖုံးလွှမ်းမှုဧရိယာများ ပြုန်းတီးပျက်စီးလျက်ရှိမှုနှင့် သဘာဝသစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရာသီဥတုမျှတကောင်းမွန်မှု၊ စိမ်းလန်းစိုပြည်မှုနှင့် အခြားအကျိုးရလဒ်များကို ယင်းဒေသကပင် ခံစားရမည်ဖြစ်သဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ နယ်စပ်ဖြတ်ကျော်မြူခိုးထိန်းချုပ်ရေးနှင့်ပတ်သက်၍ မြန်မာ၊ ထိုင်း၊ လာအိုသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခင်နှစ်များထက် လျော့ကျလာသည်ကိုတွေ့ရှိရမှု၊ တောင်ယာမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများမရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်မှုတို့ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း အခြေခံကျောင်းများဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိမှု၊ ကောလိပ်နှင့် တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးထားမှုနှင့် အဆိုပါကျောင်းများ၌ ကျောင်းသားများ တက်ရောက်ကြစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုမှု၊ ကျောင်းများ၌ သောက်သုံးရေများလုံလောက်စွာရရှိရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ လာရောက်အပ်နှံလျက်ရှိမှုနှင့် ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းတက်ရောက်နိုင်စေရေး မိဘပြည်သူများနှင့် ဌာနဆိုင်ရာများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုမှုတို့ကိုလည်းကောင်း အသီးသီးပြန်လည်ရှင်းလင်းပြောကြားကြသည်။

**ဒေသတွင်းရှိသည့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို . . .**

### တင်ပြချက်များအပေါ် တွေ့ရှိချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ကျိုင်းတုံဒေသသို့ ရောက်ရှိသည့်အချိန်တိုင်း၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ပြောဆိုမှာကြားမှုများအနက် သိသင့်သိထိုက်သည်များကို မြို့နယ်အဆင့်ထိ ပျံ့နှံ့အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိအနေဖြင့် ဒေသများအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျိုင်းတုံမြို့ရှိ ခုတင်-၂၀၀ ဆံ့ ဆေးရုံကြီးကို ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီး အဖြစ် အဆင့်မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုရှိသည့် ဆရာဝန်ကြီးများလည်းလိုအပ်ကြောင်း၊ ကျိုင်းတုံမြို့ ဆေးရုံကြီးကို အဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွယ်မွေဆေးရုံအဆင့်မြှင့်တင်လိုခြင်းနှင့် ပတ်သက်၍ ကျိုင်းတုံ-လွယ်မွေ ဆက်သွယ်ရေးလမ်းကြောင်းကို အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် သွားလာမှုအဆင်ပြေမှုရှိသည့်အတွက် လွယ်မွေဆေးရုံ၌ တက်ရောက်ကုသသူဦးရေနည်းပါးမှုနှင့် ဆရာဝန်လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မှုအခြေအနေများအရ လွယ်မွေဆေးရုံအား အဆင့်မြှင့်တင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မဖြစ်မနေမြှင့်တင်အားပေးရမည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ တိုးတက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင် ပညာတတ်များပေါများကြွယ်ဝရန် မဖြစ်မနေလိုအပ်**ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောင်းနေရာခိုင်နှုန်းနည်းပါးပြီး တန်းစဉ်ကူးပြောင်းမှုများလည်း နည်းပါးသည်ကိုတွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနည်းပါးရခြင်းမှာ ဘာသာစကားအခက်အခဲ၊ မိဘများ၏ စီးပွားရေးအခက်အခဲများကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ **ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ ထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေး ဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်**ဖြစ်ကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် တိုင်းရင်းသားဒီဂရီကောလိပ်တွင် တက်ရောက်အောင်မြင်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်နေရာချထားပေးနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်နယ်များ၌ ပညာရေးဝန်ထမ်းများ အားနည်းချက်များရှိသဖြင့် ၎င်းတို့နှင့်နီးစပ်သည့် နေရာဒေသများအလိုက် နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတော်တာဝန်ထမ်းဆောင်နေချိန်၌ ဆရာ၊ ဆရာမများအတွက်ရရှိသည့် ဘွဲ့လွန်နှင့်ဒီဂရီတို့ကို မူတည်၍ချီးမြှင့်ခြင်းများကို ဆောင်ရွက်ပေးထားကြောင်း၊ နယ်စပ်ဒေသများ၌ ကျောင်းနေအရွယ်ကလေးများသည် မူလတန်းအဆင့်ထိသာကျောင်းတက်ရောက်ပြီး ကျောင်းထွက်သွားမှုများ များပြားကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ၌ ပညာသင်ကြားကြစဉ် ဆရာ၊ ဆရာမများ သင်ကြားပေးလိုက်သည့်သင်ခန်းစာများ၌ ကျောင်းစာများသာမက စည်းကမ်းများလည်းပါဝင်ကြောင်း၊ ကလေးငယ်များအနေဖြင့် အမျိုးသားစည်းကမ်းနှင့် ပတ်သက်၍ အလေ့အကျင့်ကောင်းများ ရရှိအောင် စာသင်ကျောင်းများက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ပေါ်စေရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ သင်ကြားပေးသည့် ဆရာ၊ ဆရာမများသည်လည်း အရည်အချင်းပြည့်ဝရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာတတ်လူသား အရင်းအမြစ်များ မွေးထုတ်နိုင်မည်ဆိုပါက အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသ၏အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၂၀ သို့

# ထပ်မံဆောက်လုပ်မည့် ယာယီရုံး Prefabricated Office များ ဆောက်လုပ်ရန် ကြိုတင်လျာထား၍ ရောက်ရှိလာပါက အမြန်တပ်ဆင်တည်ဆောက်





**နေပြည်တော် မေ ၂၄**

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဦးမျိုးသန့်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာနနှင့်နိုင်ငံခြားရေး ဝန်ကြီးဌာနတို့သို့သွားရောက်၍ ရုံးများ ပြန်လည်ပြုပြင်နေမှု အခြေအနေများ၊ ယာယီရုံးများဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့်အလုပ်သမားဝန်ကြီးဌာနအဆောက်အအုံများဆောက်လုပ်မည့် လျာထားမြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအဆောက်အအုံ ပြန်လည်ပြင်ဆင်ရန်ဆောင်ရွက်နေမှု၊မြေထိန်းနံရံများဖြင့် ကွံခိုင်ရန်ဆောင်ရွက်မည့်အခြေအနေ၊ ယာယီရုံး Prefabricated Office များဆောက်လုပ်၍ ရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထပ်မံဆောက်လုပ်မည့်ယာယီရုံး Prefabricated Office များဆောက်လုပ်ရန်ကြိုတင်လျာထား၍ရောက်ရှိလာပါက အမြန်တပ်ဆင် တည်ဆောက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့သွားရောက်၍ ယာယီရုံးPrefabricated Office များဆောက်လုပ်ပြီးစီးမှု၊ ရုံးအဆောက်အအုံ နှစ်လုံးပြင်ဆင်ပြီးစီးမှုများကိုကြည့်ရှုပြီး ထပ်မံရောက်ရှိလာမည့် ယာယီရုံး Prefabricated Office များကို ကြိုတင်နေရာသတ်မှတ် တည်ဆောက်သွားရန်နှင့် ရွှေ့ပြောင်းမည့်အစီအမံ အသေးစိတ် ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်တို့ကိုမှာကြားကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်



**နေပြည်တော် မေ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။**

**စာမျက်နှာ ၁၉ မှအဆက်**

မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ကွန်ပျူတာနှင့်နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သူများ တက်ရောက်နိုင်ရေး Polytechnic Institute ကိုလည်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမနှစ်တက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ် Certificate ရရှိမည်ဖြစ်ကာ နောက်ထပ် နှစ်နှစ်တက်ရောက်အောင်မြင်ပြီးပါက ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် Polytechnic University သို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုးရေးနှင့် နည်းပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ Polytechnic နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ကျောင်းသူများကို မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ လုပ်ငန်းများကိုအောင်မြင်အောင် အားလုံးက ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း။

**ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ်အလုပ်လုပ်ကြရန်လို**

စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း လေးသွယ်ကို ပြည့်စုံအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို Grade – 10, Grade–11 နှင့် Grade –12 တို့တွင် အခြေခံထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတွင်း အခြေခံစားကုန်များ ကုန်စျေးနှုန်းကျဆင်းအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့သို့ကုန်စျေးနှုန်းများ ကျဆင်းရန်အတွက် ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျိုင်းတုံဒေသအတွင်း နွေစပါး၊ မိုးစပါးများကို ဒေသတွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုပြီး Eating Quality ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုများမှာ ပန်းတိုင်ရည်မှန်းချက်အတိုင်းပြည့်မီပါက ဒေသတွင်း စားရေးဖူလုံသည်သာမက ပိုလျှံလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ခန့် တိုးတက်လာမည်ကို တွက်ချက်မှုများအရတွေ့ရှိရကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန် ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ **ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများ ရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များအသုံးပြုစိုက်ပျိုး၍ စျေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။**

**ဒေသတွင်းပေါကြွယ်ဝသည့် ဝါးသယံဇာတများကို အကျိုးရှိစွာအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်**

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၌ **ဝါးသယံဇာတများစွာရှိသည့်အတွက် ဝါးနှင့်ပတ်သက်သည့်ထုတ်ကုန်များကို ထုတ်လုပ်၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊** ဥပမာအားဖြင့်– ဝါးပျော့ဖတ် ထုတ်ကုန်များ၊ ဝါးဖြင့်ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကြိမ်နှင့်ပတ်သက်သည့် ထုတ်ကုန်များနှင့် ဒေသတွင်းအောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရေးအတွက်လည်း ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းဆတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမွေ့အောင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းပြည်တစ်ခုတိုးတက်ရေးအတွက် GDP သည် အရေးကြီးပြီး နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်း ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဒေသတွင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ အရေးကြီးသည်မှာ ဒေသတွင်းနေထိုင်သူများက အမှန်တကယ်အလုပ်လုပ်ကြရန် ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါကလည်း နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့် အတွက် အားလုံးကဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့်** မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပြန်လည်ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတား၌ ဝန်ချီစက်တင်သင်္ဘောများလုပ်ငန်းနေရာရွှေ့ပြောင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှော်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီများ၊ သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ငလျင်ဘေးဒဏ်သင့် ခရိုင်မီးသတ်ဦးစီးဌာနအားရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Modular Office ဆောက်လုပ်ပြီးစီးမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုလည်းကောင်း၊ စကုမှော် ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပါရမီရပ်ကွက် နှစ် ၇၀၀ ပြည့်အားကစားခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းမြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးအပ်ခြင်းအခမ်းအနားကိုတက်ရောက်၍ ပြည်သူများလက်ဝယ်သို့ကိုယ်တိုင်ကိုယ်ကျ ပေးအပ်ပြီး နေ့ချင်းပြီးဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် မလေးရှားနိုင်ငံဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့ကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ ယာယီရုံးခန်းဖွင့်လှစ်ထားရှိမှု၊ ယာယီရှင်းလင်းဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

၎င်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ ဦးစီးပဓာနနာယက ဆရာတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းတိုက်အတွင်းရှိအလယ်တိုက်ကျောင်းတော်ကြီး၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေး အောင်မြေသာစံမြို့နယ်ရှိ ဉာဏဝတီ သီလရှင်စာသင်တိုက် တကောင်းတိုက်သို့ လည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိ သတ္တဌာနဘုရားနှင့် တောင်လေးလုံးကျောင်းတိုက်သို့ လည်းကောင်း၊ မှန်တန်းရပ်ရှိ ရှေးဟောင်း သမိုင်းဝင်သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားသို့လည်းကောင်း၊ ဝါးတန်းမြောက်ရပ်ရှိသက်တော်ရ သက်တော်ရှည် မြတ်စွာဘုရားသို့လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အခမဲ့ဆေးပေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တာဝန်ရှိသူများကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်-မန္တလေး လမ်းမကြီးအား မီးသတ်ယာဉ်များအသုံးပြု၍ ပရိတ်ရေပက်ဖျန်းခြင်းနှင့်အတူ လမ်းမကြီးနှင့် လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်ရှိ ကုန်းမြင့်သာစာသင်တိုက်နှင့် ရဲစုရပ်ကွက်ရှိ ဓမ္မရတနာကျောင်းတိုက်တို့ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေကို လည်းကောင်း၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ အထက(ကူမဲ)တွင် ယာယီကျောင်းဆောင် အဆောက်အအုံ သုံးလုံး ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ ကူမဲမြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူသူ ၇၃၅ ဦးရှိခဲ့ပြီး ဘိလပ်မြေအိတ် ၃၇၈၃၀၊ ၁၀ မီလီမီတာသံချောင်း ၇၆ တန်၊ ၁၆ မီလီမီတာ သံချောင်း ၁၂၃ ဒသမ ၅၀ တန်နှင့် အထပ်သားပြား ၂၄၅၃ ချပ်တို့ကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများကို သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးသို့ ပြန်လည်ပို့ဆောင်

**နေပြည်တော် မေ ၂၄**

အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ယနေ့တွင် လေ့လာရေးခရီးစဉ်များ ပြီးမြောက်၍ လေကြောင်းလူငယ်သင်တန်းစခန်းများ ဖွင့်လှစ်ခဲ့သည့် ဒေသအသီးသီးသို့ တပ်မတော်လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ပြီး သင်တန်းစခန်းအလိုက် သင်တန်းတာဝန်ခံများက သင်တန်းသား၊ သင်တန်းသူများကို မိဘများထံ စနစ်တကျ ပြန်လည်ပို့ဆောင်အပ်နှံပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)





# ရေကြောင်းလူငယ်အခြေခံ၊ တန်းမြင့်သင်တန်း အမှတ်စဉ်(၁/ ၂၀၂၅)နှင့် လေကြောင်းလူငယ်အခြေခံ၊ တန်းမြင့်သင်တန်း အမှတ်စဉ်(၁/ ၂၀၂၅) သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများကို ဂုဏ်ပြုကြိုဆိုပွဲများကျင်းပ

နေပြည်တော် မေ ၂၄

လေ့လာရေးခရီး သွားရောက်ခဲ့ကြသည့် ရေကြောင်းလူငယ်အခြေခံ၊တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်း မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီ ရေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကြီးကြပ်သူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုငွေပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊သင်တန်းသူများကို ကြိုဆိုနှုတ်ဆက်စဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား၊သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ လက်တွေ့သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိလာသည့် လေကြောင်းလူငယ်အခြေခံ၊တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) မှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်) ၌ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကြီးကြပ်သူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား၊သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

၎င်းအပြင် လေ့လာရေးခရီး သွားရောက်ရာမှ ယနေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည့် ပုသိမ်လေတပ်စခန်းဌာနချုပ် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား၊ သင်တန်းသူများကို အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မုံရွာမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းအပ်နှံ၊ လက်ခံနေမှုများကို သွားရောက်ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး မုံရွာမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းအပ်နှံ၊ လက်ခံနေမှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်ထိသတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (အလုံတပ်မြို့)၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကျောင်းအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးစေအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း မြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌လည်းကောင်း တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မေ ၂၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ နိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကို လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။


ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၄ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ဦးရေ ၈၆၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၄**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ ညနေမှ ၇ွန် ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မေ ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ခင်နှင်းအိဖွေး" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အောင်ဆန်းရပ်ကွက်နေ ခင်နှင်းအိဖွေးအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နတ်မောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# မြေပဲဆန်ရှစ်စေ့နှင့် ထန်းလျက်တစ်လုံး

**ထွန်းလှိုင်(မြိုင်)**



ဆရာမောင်တင်ထွေး နတ်မောက်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ်ကဖြစ်သည်။ ထိုအချိန်က ပြည်သူ့အကျိုးပြုစစ်ကြောင်းဖြင့်လိုက်၍ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးပေးခြင်းနှင့် နွားသိုးများ သင်းကွပ်ပေးခြင်း၊ တိရစ္ဆာန်များဆေးကုပေးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ကျေးရွာလူထုကို ဟောပြောခြင်းလုပ်ငန်းများဆောင်ရွက်ရ၏။

ဒီတစ်ခေါက်စစ်ကြောင်းတွင် ဆရာမောင်တင်ထွေးတို့ကို ရွာမွန်ဘုန်းကြီးကျောင်းတွင် နေရာချပေးသည်။ နေ့ခင်းဘက်တွင် ဌာနဆိုင်ရာများ မိမိတို့ဌာနလုပ်ငန်းများဆောင်ရွက်ရ၏။ ည ၇ နာရီမှ ၁၀ နာရီထိ ဌာနဆိုင်ရာများ မိမိတို့ဘာသာရပ်အလိုက် အသိပညာပေးဟောပြောရ၏။

စစ်ကြောင်းအဖွဲ့ဟောပြောပွဲ နားထောင်ရန် ရွာမွန်ကျေးရွာမှ ကြီးကြီးငယ်ငယ်ရွယ်ရွယ်လတ်လတ်များ ဓမ္မာရုံကြီးတွင် အလျှိုအလျှိုရောက်လာကြ၏။ ဆွေးနွေးပွဲစ၍ ဆရာမောင်တင်ထွေးအလှည့်ရောက်လာတော့ ကျွဲ၊ နွားများ ကူးစက်ရောဂါအကြောင်း၊ စီးပွားဖြစ် ဝက်မွေးမြူရေး၊ ကြက်မွေးမြူရေးအကြောင်းဆွေးနွေး၏။ ကြက်ဥ၏ အာဟာရရှိပုံ၊ စားသုံးလျှင် အာဟာရရှိကြောင်းဟောပြောရင်း စာအုပ်တစ်အုပ်ထဲမှ ဖတ်ဖူးတာလေးကို လျှာရှည်ပြီး ပြောလိုက်တာ "အကယ်၍ ကြက်ဥမရှိခဲ့ရင် မြေပဲဆန်ရှစ်စေ့နဲ့ ထန်းလျက်တစ်လုံးဟာ ကြက်ဥတစ်လုံးနှင့် အာဟာရတူတယ်"ဟု ပြောလိုက်မိ၏။ ဟောပြောပြီးလျှင် မရှင်းတာ၊ မသိတာရှိလျှင် ပြန်မေးခိုင်း၏။

ဆရာမောင်တင်ထွေးဟောပြောပြီး၍ ထိုင်ခါရှိသေး ရွာသားတစ်ယောက်က အတွန့်တက်ပါတော့သည်။

"ဆရာ ကြက်ဥတစ်လုံးဟာ မြေပဲဆန်ရှစ်စေ့၊ ထန်းလျက်တစ်လုံးနဲ့ညီတယ်ဆိုတော့ မနက်ဖြန်ကျရင် မြေပဲဆန်တစ်ပြည်နဲ့ ထန်းလျက်တစ်ပိဿာ ယူလာခဲ့မယ်။ တွက်ချက်ပြီး ကြက်ဥပေးပါ။ ပိုတဲ့ မြေပဲဆန်တော့ ကြော်စားဖို့ ဆရာ ယူလိုက်ပါ"

ဆရာမောင်တင်ထွေး ကြောင်အမ်းအမ်းဖြစ်သွား၏။ ဘာပြန်ပြောရမှန်းမသိ။ လျှာရှည်လိုက်တာ ခံလိုက်ရပြီ။ ထို့ကြောင့် "ကျွန်တော် သဘောပြောတာပါဗျာ"

အသံပျော့ပျော့နှင့်ပြန်ဖြေလိုက်၏။ ဆွေးနွေးပွဲပြီးတော့ အသီးသီးအိပ်ရာဝင်ကုန်ပြီ။

"မြေပဲဆန်ရှစ်စေ့နဲ့ ထန်းလျက်တစ်လုံး မအိပ်သေးဘူးလားဗျို့"ဆိုသော အသံထွက်လာ၏။

စစ်ကြောင်းအဖွဲ့ နောက်တစ်ရွာပြောင်းတော့–

"ဒီမှာ ကြက်ဥကြော်ကျွေးရင် ဆရာထွေးကို ကျွေးစရာမလိုဘူးဟေ့။ မြေပဲဆန်ရှစ်စေ့နဲ့ထန်းလျက်တစ်လုံးပဲ ကျွေးရမယ်နော်"လို့ အစခံလိုက်ရ၏။

"ဥက္ကဋ္ဌကြီး ကျွန်တော်တို့အဖွဲ့မှာ ဆေးကုမဲ့ ဆရာဝန်တွေပါတယ်။ လူတွေကော တိရစ္ဆာန်တွေပါ ဆေးကုပေးတယ်"လို့ စစ်ကြောင်းမှူးက ပြောလိုက်၏။ ဒီသတင်း ရွာဆော်တန်ခိုးနဲ့ တစ်ရွာလုံးပျံ့နှံ့သွား၏။ မကြာလိုက်ပါ။ ရွာသားတွေ တစ်ယောက်ပြီး တစ်ယောက် လာကြကုန်၏။

"ဆရာကြီး ကျွန်တော်တို့အိမ်က မြွေပါလေး နေမကောင်းဖြစ်ပြီး အစာမစားလို့ ဆရာ့လာခေါ်တာပါ"ဆိုတဲ့ ရွာသားတစ်ယောက်အသံ ကြားလိုက်ရတော့ ဆရာမောင်တင်ထွေး မျက်ကလူးဆန်ပျာဖြစ်သွား၏။ အဲဒါမှ ဒုက္ခ၊ မြင်လည်းမမြင်ဖူးဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ ကြားရုံသာ ကြားဖူး၏။

"ကဲ ပထမဆုံး မဲပေါက်သွားတာကတော့ မြေပဲဆန် ထန်းလျက်ကြီးပါ၊ ကွပေတော့ဗျာ"ဟု စစ်ကြောင်းမှူးက ပြောလိုက်၏။ ဆရာမောင်တင်ထွေးလည်း ဆေးလွယ်အိတ်ဆွဲလျက် မလှမ်းချင်လှမ်းချင်နှင့်လိုက်လာခဲ့၏။ အဖွဲ့များကတော့ တဟီးဟီးတဟားဟားနှင့် ကျန်ရစ်ခဲ့၏။

ဆရာမောင်တင်ထွေး ရင်ထဲမှာတော့ ဗလောင်ဆူနေပြီ။ မြွေပါ၏ အသက်ရှူနှုန်းမသိ။ အပူချိန်လည်း မသိ။ "မြွေပါလည်းဆုံး သားလည်းဆုံး"ဆိုသော စကားပုံကို ကြားဖူး၏။ ဆေးမထိုးဘဲ နေရင်လည်း သိက္ခာကျတော့မည်။ ထိုးပြန်ရင်လည်း ရှော့ခ်ဖြစ်ပြီး သေရင် ဒုက္ခ။ အခုတော့ ဆရာမောင်တင်ထွေးနှင့် မြွေပါ၊ မြွေပါနှင့် ဆရာမောင်တင်ထွေး နဖူးတွေ့၊ ဒူးတွေ့ တွေ့တော့မည်။ အရင်တစ်ရွာက မြေပဲဆန်နှင့်ထန်းလျက် စလို့နောက်လို့မပြီးသေး။ ဒီတစ်ခါ မြွေပါသေရင်တော့ ဆရာမောင်တင်ထွေး စစ်ကြောင်းဆက်မလိုက်ဘဲ ဆေးလွယ်အိတ်ဆွဲပြေးဖို့သာ ကျန်တော့သည်။ တွေးရင်းတွေးရင်း ရောက်သွား၏။

အိမ်ရှင်က "ဒီမှာပါ ဆရာ"ဆိုပြီး မြွေပါကိုပြ၏။ တစ်ကောင်တည်းမဟုတ်။ ကလေးသုံးကောင်နှင့် ပူးပူးကပ်ကပ်အိပ်နေ၏။ မြွေပါကြီးက ၇၅ ကျပ်သား ကျော်ကျော်လောက်ရှိမည်ထင်သည်။ မြွေပါက အဆိပ်ပြင်းတယ်။ မြွေတောင်နိုင်တယ်ဆိုတာ ကြားဖူး၏။ အင်း မြွေပါကိုက်လိုက်ရင်တော့ ဒုက္ခပါပဲ။ တိရစ္ဆာန်ဆေးကုဆရာဝန် မြွေပါကိုက်လို့သေတယ်ဆိုတဲ့သတင်းကြီးသွားဦးမည်။ မတတ်နိုင်ဘူး။ ဟန်ကိုယ့်ဖို့ဆိုပြီး အားတင်းလိုက်၏။ ပိုင်ရှင်နောက်က ခပ်ခွာခွာလေးနေလိုက်ပြီး စူးစမ်းမေးမြန်းခြင်းလုပ်လိုက်၏။

"နေအုံးဗျ၊ မြွေပါကိုက်ရင် အဆိပ်ပြင်းလို့ သေတတ်တယ်။ ဆေးမမီဘူးဆိုတာ ဟုတ်လား"

ဆေးထိုးပိုက်ကိုင်ရင်း မသိမသာစူးစမ်းလိုက်၏။

"မဟုတ်ပါဘူး ဆရာရယ်၊ ကြားဖူးနားဝပြောနေကြတာပါ။ ကျုပ်ကိုင်ပြမယ်"ဆိုကာ မြွေပါကို ကောက်ယူချီမပြလိုက်ပါသည်။

"ဒီကောင်တွေ သိပ်လိမ္မာတာဆရာ။ အိမ်က ကလေးတွေနဲ့ ဆော့နေတာ"လို့ပြောတော့ ဆရာမောင်တင်ထွေး ရဲရဲကပ်လိုက်၏။ မြွေပါကိုလည်း ကုပ်နှင့် ကျောကုန်းအရေပြားကိုအဆွဲခိုင်းပြီး သိသမျှတတ်သမျှ စစ်ဆေးလိုက်၏။ ပြီးတော့ အားဆေးတွေထိုးပေးလိုက်၏။ မနက်ဖြန် တစ်ခါလာထိုးမယ်။ ကောင်းသွားမှာပါလို့ ပြောလိုက်၏။

"မြွေပါကို ဘာကျွေးသလဲ"ဟု မေးတော့–

"တောထဲမှာတွေ့ဖူးတာကတော့ မြွေတွေ၊ ဖားတွေ၊ ငှက်တွေ၊ ပိုးကောင်တွေ ဖမ်းစားတာ တွေ့ဖူးတယ် ဆရာ။ တစ်ခါတစ်ခါ မြွေတွေ၊ ဖားတွေ၊ ငှက်ကလေးတွေဖမ်းလာတာ တွေ့ဖူးတယ်။ အိမ်မှာတော့ ငါးကလေးတွေ ထမင်းနဲ့နယ်ကျွေးတယ်ဆရာ။ ဒီကောင်တွေ လူနဲ့နီးစပ်တော့ ကျွေးတာတော်တော်များများ စားပါတယ်"

"လူတွေပြောနေကြတာ မြွေပါက မြွေပြီးတယ်ဆိုတာ ဟုတ်တယ်"

"မဟုတ်ဘူးဆရာ။ တကယ်တမ်း မြွေနဲ့ မြွေပါတွေ့ရင် မြွေပါက မြွေထက်ပိုပြီး လျင်မြန်ဖျတ်လတ်တယ်။ မြွေပေါက်ချက်ကို ကျွမ်းကျွမ်းကျင်ကျင်ရှောင်တိမ်းနိုင်တယ်။ မြွေဦးခေါင်းကို ကောင်းကောင်းဖမ်းယူနိုင်တယ်။ မြွေပါက မြွေကို စားပစ်တာ မကြာခဏတွေ့ဖူးတယ်"

ပိုင်ရှင်ပြောပြတော့ ဆရာမောင်တင်ထွေး ဆရာလုပ်ခဲ့သမျှ မြွေပါပိုင်ရှင်နှင့်တွေ့တော့ တပည့်ကလေးဖြစ်သွားသည်။

"မြွေပါက နှစ်သားရှိပြီဆိုတော့ ကိုယ်ဝန်ဆောင်ရက်က ဘယ်လောက်ကြာသလဲဗျ"

"နှစ်လလောက်တော့ ကြာမယ်ထင်တယ်ဆရာ"

ဆရာမောင်တင်ထွေး မြွေပါကို သေချာကိုင်ခိုင်းပြီး ကြည့်လိုက်၏။ အရောင်က မီးခိုးရောင်ဖြစ်၏။ ဝမ်းဗိုက်ပိုင်းက ဖြူဖျော့ဖျော့။ အမွေးက ရှည်ပြီး ကြမ်းတမ်း၏။ ရှေ့နောက်ခြေထောက်တွေမှာ ခြေချောင်း လေးငါးချောင်းစီရှိပြီး ချွန်ပြီးကောက်နေတဲ့ ခြေသည်းများရှိ၏။ ချွန်ထက်သော သွားများလည်း တွေ့ရ၏။ ကြောက်ကြောက်နှင့် ကိုင်လည်းကိုင်ကြည့်လိုက်သေးသည်။

ဆရာမောင်တင်ထွေး မြွေပါဆေးကုပြီး ဥက္ကဋ္ဌအိမ်သို့ ခပ်ကြွားကြွားပြန်လာ၏။ မြွေပါပိုင်ရှင်က ကျေးဇူးတင်လို့ဆိုပြီး ဆရာတို့အဖွဲ့စားရအောင် ပြောင်းဖူးပြုတ်တွေ ပေးလိုက်၏။

"ဘယ်လိုလဲမြေပဲဆန်ထန်းလျက်ကြီး အဆင်ပြေရဲ့လား"ဆိုကာ စစ်ကြောင်းမှူးက ကြိုဆိုလိုက်၏။

"ဟာ ဆရာတို့ရယ် ဆရာမောင်တင်ထွေးက မပိုင်ရင် ခြင်တောင်မရိုက်ဘူး။ အဆင်ပြေလွန်းလို့ ဆရာတို့စားဖို့ ပြောင်းဖူးပြုတ်တောင် ပါးလိုက်သေး"

လက်မထောင်ကာ ခပ်မာမာပြန်ပြောလိုက်၏။

"ပါလာတော့လဲ စားရတာပေါ့ဗျာ"ဟု ပြောပြီး ပြောင်းဖူးတွေကို တစ်ယောက်တစ်ဖူး ကောက်စားလိုက်၏။ ဘာဂျာယိမ်းတိုက်နေသလား အောက်မေ့ရ၏။ စားလိုက်ကြတာများ။

နောက်တစ်နေ့မနက်တွင် မြွေပါပိုင်ရှင်က ဆရာအိမ်ခေါ်ရမှာအားနာလို့ဆိုပြီး မြွေပါကို ခြင်းနှင့် ထည့်ယူလာ၏။ ဆရာမောင်တင်ထွေး အားဆေးထပ်ထိုးလိုက်၏။ အစာစားပြီးဖြစ်ကြောင်းပြောလိုက်၏။ စစ်ကြောင်းအဖွဲ့များ မြွေပါကို မမြင်ဖူးကြ၍ သူ့ထက်ငါ စူးစမ်းနေကြ၏။ မြွေပါနှင့်ပတ်သက်၍ မနေ့က တပည့်ကလေးဖြစ်ခဲ့သော ဆရာမောင်တင်ထွေး ဒီနေ့တော့ စစ်ကြောင်းအဖွဲ့ကို ဆရာကြီးလုပ်နေပြီ။ ခေါင်းတညိတ်ညိတ်နှင့် နားဝင်ပီယံတွေကို ဖြစ်လို့။

ဆရာမောင်တင်ထွေး လူတတ်ကြီးလုပ်ပြီး ဆွေးနွေးခဲ့သည်။ "မြေပဲဆန်ရှစ်စေ့နဲ့ ထန်းလျက်တစ်လုံးက ကြက်ဥတစ်လုံးရဲ့ အာဟာရနဲ့တူတယ်"ဆိုသောစကားသည် ပုံပြင်အဖြစ် ကျန်ရစ်ခဲ့ပြီး မြွေပါကယ်လို့ သက်သာရာရသွားပါတော့သည်။

**❖ဆရာမောင်တင်ထွေး မြွေပါဆေးကုပြီး ဥက္ကဋ္ဌအိမ်သို့ ခပ်ကြွားကြွားပြန်လာ၏။ မြွေပါပိုင်ရှင်က ကျေးဇူးတင်လို့ဆိုပြီး ဆရာတို့အဖွဲ့စားရအောင် ပြောင်းဖူးပြုတ်တွေပေးလိုက်၏။ "ဘယ်လိုလဲမြေပဲဆန် ထန်းလျက်ကြီး အဆင်ပြေရဲ့လား"ဆိုကာ စစ်ကြောင်းမှူးက ကြိုဆိုလိုက်၏။ "ဟာ ဆရာတို့ရယ် ဆရာမောင်တင်ထွေးက မပိုင်ရင် ခြင်တောင်မရိုက်ဘူး။ အဆင်ပြေလွန်းလို့ ဆရာတို့စားဖို့ ပြောင်းဖူး ပြုတ်တောင် ပါးလိုက်သေး" ❖**

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးသွားမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီ ဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးပါမယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၁၁ ဧက၊ မြင်းမူမြို့နယ်တွင် ၃၃၉ ဧက စုစုပေါင်း ဧက ၁၉၅၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်းရှိ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနများက ကြက်သွန်နီ စိုက်တောင်သူများ ဈေးကောင်း ရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာ အထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးပါက တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံး စိုက်ပျိုးသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ လယ်ယာထွက်ကုန် ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်းက သီဟိုဠ်စေ့ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ သီဟိုဠ်စေ့ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်က သီဟိုဠ်စေ့တွေက ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချအား တက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေက နွေကာလက လက်ကျန်သီဟိုဠ်စေ့တွေပါ။ ဒေသထွက် သီဟိုဠ်စေ့တွေကို မြန်အောင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကုန်ချောအဖြစ် ပြုလုပ်ပြီး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်''ဟု မြန်အောင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြသည်။

မြန်အောင်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့များ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ မှ ၁၂၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ သီဟိုဠ်စေ့ကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင်တို့တွင် စိုက်ပျိုးကြပြီး သီဟိုဠ်စေ့ခြံ စုစုပေါင်းဧက ဖ၅၀၀၀ ထိ စိုက်ပျိုးကြကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ဆရာမောင်တင်ထွေးလည်း စစ်ကြောင်းကအပြန် စာကြည့်တိုက်သို့ သွားပြီး မြွေပါအကြောင်း စာအုပ်ရှာဖွေရာ ခင်စုလှိုင်ရေးသည့်"တောရိုင်း သတ္တဝါများ"စာအုပ်မှတွေ့ရှိချက်များမှာ မြွေပါမျိုးအများအပြားအနက် ရှစ်မျိုးကို စပိန်၊ ဥရောပတိုက်တောင်ပိုင်း၊ အာရှချိုင်းနားတောင်ပိုင်း၊ အာဖရိကတိုက်၊ အာရေဗျ၊ အိန္ဒိယ၊ မြန်မာ၊ မလေးကျွန်းဆွယ်တို့တွင် တွေ့ရှိရပြီး ဦးခေါင်းနှင့် ခန္ဓာကိုယ်အလျားသည် မီလီမီတာ ၂၃၀ မှ မီလီမီတာ ၆၄၀၊ အမြီးသည် မီလီမီတာ ၂၃၀ မှ မီလီမီတာ ၅၁၀ ရှည်လျားသည်။ အာရှတိုက်မြွေပါသည် မြွေပါအမျိုးအစားထဲတွင် အကြီးဆုံးဖြစ်၏။

အရောင်အဆင်းမှာ မီးခိုးအစိမ်းရောင်၊ အချို့မှာ မီးခိုးအညိုရောင်ရှိသည်။ တချို့ ဝါညစ်ညစ်အစက်အပြောက်များ၊ အဖြူရောင်များတွေ့ရပြီး ဝမ်းဗိုက်ရှိ အရောင်သည် ကျောဘက်အရောင်ထက် ပို၍ဖျော့သည်။ အမွေးများသည် တို၍နူးညံ့သည်။ တချို့ ရှည်ပြီးကြမ်းတမ်းသည်။ ကိုယ်အလေးချိန်မှာ တစ်ကီလိုဂရမ်မှ ၃ ဒသမ ၂ ကီလိုဂရမ်ရှိသည်။ ရှေ့ခြေနှင့် နောက်ခြေတို့တွင် ခြေချောင်းကလေး ငါးချောင်းစီရှိသည်။ နောက်ခြေထောက်တွင် ခြေချောင်းကလေးများမှ ခြေဖနောင့်ထိ အမွေးများမရှိပေ။ ချွန်၍ကောက်သော ခြေသည်းများရှိသည်။ သွားအချောင်းပေါင်း ၄၀ ရှိသည်။ စအိုအနီးတွင် အနံ့ထွက်သောအကျိတ်များရှိသည်။ ၎င်းအနံ့ကို အတန်ငယ်အကွာအဝေးမှပင် ရနိုင်၏။ ၎င်းမြွေပါအမျိုးအစားများကို တောင်ပေါ်ဒေသရှိ ထူထပ်သောတောများ၊ ခြောက်သွေ့သော သဲလွင်ပြင်များရှိသည့်ဒေသတွင် တွေ့ရှိနိုင်သည်။

မြွေပါများသည် တစ်ကောင်ချင်းသွားလာလေ့ရှိသည်။ တစ်ခါတစ်ရံ အုပ်စုကလေးများဖွဲ့၍ သွားလာတတ်ကြသည်။ သစ်ခေါင်းများ၊ မြွေတွင်းများနှင့် အကြိုအကြားများတွင် ခိုအောင်းလေ့ရှိသည်။

မြွေပါသည် မြွေပြီးသည်ဟု လူအများယူဆကြသည်မှာ မမှန်ပေ။ တကယ်စင်စစ် မြွေပါသည် မြွေနှင့်ယှဉ်တိုက်ခိုက်ရာတွင် မြွေထက်ပို၍ လျင်မြန်ဖျတ်လတ်သဖြင့် မြွေပေါက်ချက်ကို ကျင်လည်စွာရှောင်တိမ်းနိုင်ပြီး မြွေဦးခေါင်းကို ကောင်းစွာဖမ်းယူထိန်းသိမ်းနိုင်ခြင်းသာ ဖြစ်သည်။ မြွေပါက အနိုင်ရပြီး မြွေကိုစားပစ်လိုက်သည်။ မြွေပါတို့၏အစာမှာ မြွေ၊ ဖား၊ ငါး၊ ကဏန်း၊ ပိုးမွှားနှင့် ငှက်တို့ဖြစ်သည်။

မြွေပါအကြောင်း သိကောင်းစရာအဖြာဖြာကို ကျမ်းတစ်စောင်ပေတစ်ဖွဲ့အဖြစ်ရေးသားနိုင်ရန် ကြိုးစား၍စာတွေ့၊ လက်တွေ့ ဆည်းပူးရပေဦးမည်။

## မိုးစက်ပမာ ဖြိုးမေတ္တာ

- မိုးစက်တွေ လှမ်းတို့မှ
  ပန်းတို့က ဖူးပွင့်အာ၊
  ပန်းပေါင်းစုံ အနံ့အပြား
  ရနံ့ကြွေးလို့ဖြာ၊
  အဖြူ အစိမ်း အနီ၊ အဝါ
  ပန်းချီပမာ ရောင်ထွေဆန်း၊
  ကမ္ဘာမြေကို မိုးတွေ့သမျှ
  ဖြိုးမွေ့တဲ့ပန်း။

- ကမ္ဘာမြေကို မိုးဖျန်းလို့
  ဖြိုးလန်းတဲ့ ပန်းပမာ၊
  မေတ္တာတွေ ဖျန်းမွေ့မှ
  ချမ်းမြေ့လူ့ရွာ၊
  မေတ္တာများ ပွားတဲ့နေရာ
  တရားမဲ့စရာ ဘယ်မရှိ၊
  သစ္စာဟာ အညစ်ခွာချိုးမို့
  အချစ်သာဖြိုး၏။

- ရွာမှလေ ကမ္ဘာမြေအထိ
  သာစေမည့် ရွှေမေတ္တာ၊
  တို့တစ်တွေ အများသတ္တတို့
  ပွားအပ်လှပါ၊
  အမုန်းညစ်တို့ ရှင်းတဲ့အခါ
  အဆင်းလှဲ့ဖြာစွာ ရနံ့ဖြိုး၊
  ပန်းတွေလို လန်းအမြဲ့
  နန်းအလှ မြေကမ္ဘာက
  ဝေဆာစွာ ကမ္ဘာသားတို့
  အိုကွယ်...
  ကြွားရပေရိုး။ ။

လွမ်းလေးကို(သရက်)

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅ သန်းဖြင့် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဒဟတ်ပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ခရီးသွားဆောင်းပါး

# ရှမ်းအိုးစည်သံတညံညံ၊ တောင်ပိုင်းရှမ်းက မြို့နမ့်စန်

သက်နိုင်(ပြင်ဦးလွင်)

ပင်လုံစာချုပ်ချုပ်ဆိုခဲ့တဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့ကနေ ပြန်ထွက်လာကြတော့ ညနေမှောင်ရီပျိုးနေပါပြီ။ ပင်လုံကျောက်တိုင်ကွင်း အနီးမှာရှိနေတဲ့ ညဈေးတန်းကလဲ မှောင်ခါနီးလေ ပိုမိုစည်ကားလာလေဖြစ်တာကို တွေ့မြင်နေရတယ်။ ဒါကြောင့် ညဈေးတန်းဘေးကနေ ကားကိုဖြည်းဖြည်းမောင်းနှင်လာခဲ့ရပြီး မြို့ပြင်ကိုရောက်မှ အရှိန်မြှင့်တင်ရတော့တယ်။ ပင်လုံမြို့နဲ့လွိုင်လင်မြို့ သုံးမိုင်ဆိုတဲ့ခရီးက လမ်းလဲကောင်း၊ ရှင်းလဲရှင်းနေလို့ အလာတုန်းကလို တစ်ခဏသာ မောင်းလိုက်ရတယ်။ လွိုင်လင်မြို့အဝင်ကို ပြန်လည်ရောက်ရှိလာတဲ့အခါ မြို့ခံမိတ်ဆွေက ညစာထမင်း စားသောက်ကြဖို့ဆိုပြီး စောင့်ဆိုင်းကြိုဆိုနေတာကြောင့် စားသောက်ဆိုင်ရှိရာကို သူရဲ့ကားအနောက်ကနေ လိုက်လံမောင်းနေရတယ်။ ဒါပေမဲ့ မြို့ခံမိတ်ဆွေရဲ့ ကားက လွိုင်လင်မြို့ထဲမှာ တစ်လမ်းဝင်၊ တစ်လမ်းထွက်နဲ့ စားသောက်ဆိုင်ရှိရာကို တော်တော်နဲ့ မရောက်သေးလို့ မြို့ခံကိုယ်တိုင် မျက်စိလည်လမ်းမှားနေပြီဆိုပြီး ထင်မှတ်လိုက်မိတယ်။

ဒီလိုနဲ့လွိုင်လင်မြို့တွင်းမှာ အရှေ့ကိုသွားလိုက်၊ အနောက်ကိုသွားလိုက်၊ တောင်ကိုရောက်လိုက်၊ မြောက်ကိုရောက်လိုက်နဲ့ နာရီဝက်လောက်ကြာပြီးမှ စားသောက်ဆိုင်တစ်ဆိုင်ကို ရောက်လာခဲ့ကြတယ်။ အချိန်ကမှောင်နေပါပြီ။ ဆိုင်ရှေ့မှာကားတွေရပ်၊ ဆိုင်အတွင်းကိုဝင်ရောက်လာကြတဲ့အခါမှ မြို့ခံမိတ်ဆွေရဲ့ပြောပြချက်အရ ဒီနေ့က သင်္ကြန်အကြိုနေ့ဖြစ်နေတာကြောင့် ဆိုင်အများစုက ပိတ်ထားကြတာဖြစ်ကြောင်း သိလိုက်ရသလို မိမိတို့ကိုယ်တိုင်ကလဲ မြို့ခံမိတ်ဆွေပြောကြားလိုက်တော့မှ သတိထားမိသွားကြတော့တယ်။ တကယ်တော့ မြို့ခံမိတ်ဆွေက လွိုင်လင်မြို့ထဲမှာ မျက်စိလည်လမ်းမှားနေတာမဟုတ်ဘဲ သင်္ကြန်ရက်တွင်းမှာ ရှားရှားပါးပါး ဖွင့်လှစ်ရောင်းချနေတဲ့ စားသောက်ဆိုင်ကို လိုက်လံရှာဖွေနေရတာပါ။ သင်္ကြန်ရက်တွင်းဆိုပေမဲ့ ဆိုင်ထဲမှာ စားသောက်နေကြသူတွေမရှိဘဲ မိမိတို့တစ်ဝိုင်းတည်းသာရှိနေတယ်။ စားသောက်ဆိုင်ကလဲ တရုတ်အစားအစာတွေကိုသာ ရောင်းချတဲ့ဆိုင်ဖြစ်နေတာကြောင့် ထမင်းစားကြဖို့အတွက် တရုတ်ဟင်းလျာတွေကို မှာလိုက်ရတယ်။ ခရီးဖော်တချို့က တစ်ယောက်တစ်မျိုးနဲ့ စားချင်ကြတာ ကောင်းနိုးရာရာတွေကို မှာယူနေကြပေမဲ့ မိမိအနေနဲ့က မုန်ညင်းဖြူ ပဲပြားဟင်းရည်ကို မှာယူထားလိုက်တယ်။ နေ့လယ်စာထမင်းကို အောင်ပန်းမြို့မှာ စားသောက်ခဲ့ကြတုန်းက မုန်ညင်းဖြူ ပဲပြားဟင်းရည်က စားကောင်း၊ သောက်ကောင်းပြီး ထမင်းစားမြိန်ခဲ့ရလို့ပါ။

ညစာထမင်းစားသောက်ကြပြီးတာနဲ့ တည်းခိုအိပ်စက်ကြရမဲ့ ဟိုတယ်ကိုပြန်လာခဲ့ကြတယ်။ အချိန်က ည ၈ နာရီကျော်ရှိနေပါပြီ။ အနားယူအိပ်စက်ကြဖို့အတွက် အနည်းငယ်စောနေသေးလို့ အခန်းဖော်တွေအချင်းချင်း ခဏတာစကားမြည်ပြောဆိုကြပြီးမှ အိပ်ရာဝင်ခဲ့ကြတယ်။ ညစာထမင်းစားသောက်နေကြရင်းနဲ့ မြို့ခံမိတ်ဆွေရဲ့အစီအစဉ်အရ နောက်တစ်နေ့မနက်စောစောထကြပြီး လွိုင်လင်မြို့အနီးမှာရှိနေတဲ့ ဘုရားတောင်ဆိုတာကို တက်ရောက်ကြဖို့ပါ။ ဘုရားတောင်က ရှုခင်းတွေသာယာလှပသလို လွိုင်လင်မြို့ကိုလဲ အပေါ်စီးကနေ မြင်တွေ့ရတယ်လို့ဆိုပါတယ်။ အဲဒီကနေပြန်လာရင် မနက်စာစားသောက်ကြပြီး မြို့တွင်းမှာရှိတဲ့ အထင်ကရဘုရားစေတီတွေရှိရာကို ဆက်လက်သွားရောက်ဖူးမြော်ကြဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့်လဲ နောက်တစ်နေ့မနက်မှာ အိပ်ရာစောစောထနိုင်ကြဖို့အတွက် စောစောစီးစီး အိပ်ခဲ့ကြရတယ်။ ညအိပ်နေကြတဲ့ အချိန်မှာ လွိုင်လင်တစ်မြို့လုံး တိတ်တိတ်ဆိတ်ဆိတ်အေးအေးချမ်းချမ်းပါ။

ဒါပေမဲ့ ည ၁၂ နာရီလောက်ကနေ စတင်ရွာလိုက်တဲ့မိုးက တစ်ညလုံးတဖြောက်ဖြောက်နဲ့ မတိတ်နိုင်တော့ဘဲ မနက်မိုးလင်းတဲ့ထိ ဆက်လက်ရွာသွန်းနေတယ်။ မိမိတို့ခရီးဖော်တွေအဖွဲ့က အိပ်ရာကနေ စောစောထခဲ့ကြပြီး အဆင်သင့်ဖြစ်နေတဲ့ထိ မြို့ခံမိတ်ဆွေက ရောက်မလာသေးတာကြောင့် ဟိုတယ်အနီးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ရောက်စားသောက်ကြရင်း စောင့်ဆိုင်းနေကြရတယ်။ မိုးကတော့တိတ်စပြုနေပါပြီ။ မကြာခင်မှာ မြို့ခံမိတ်ဆွေနဲ့ ဖုန်းအဆက်အသွယ်ရလိုက်ပြီး မိုးရွာလိုက်တဲ့အတွက် တောင်တက်ဖို့အဆင်မပြေနိုင်တော့ကြောင်း၊ ဒါကြောင့် မွေတော်စေတီကို သွားရောက်ဖူးမြော်ကြမည်ဖြစ်ကြောင်း၊ ပင်လုံမြို့ရှိရာကို သွားရောက်တဲ့လမ်းဘေးမှာ မွေတော်စေတီရှိနေကြောင်း၊ မွေတော်စေတီမှာ စောင့်ကြိုနေမှာဖြစ်ကြောင်း စသဖြင့်အကြောင်းကြားလာတာနဲ့ မိမိတို့ခရီးဖော်တွေက မွေတော်စေတီရှိရာကို သွားရောက်ကြရတယ်။




မြို့ခံမိတ်ဆွေလမ်းညွှန်လိုက်တဲ့အတိုင်း ပင်လုံမြို့ကို သွားတဲ့လမ်းကနေ ကားကိုမောင်းနှင်လာခဲ့ပြီး မကြာခင်မှာ မွေတော်စေတီမုခ်ဦးဆိုင်းဘုတ်ကို ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့စေတီတော်ကို မတွေ့မမြင်ရသေးသလို ရောက်ရှိခြင်းလည်းမရှိသေးပါဘူး။ မုခ်ဦးအဝင်လမ်းကနေ ဆက်လက်ပြီး လူနေအိမ်တွေ ရပ်ကွက်တွေကို ကျော်လွန်မောင်းလာခဲ့ပြီးမှ မွေတော်စေတီကိုရောက်လာခဲ့ကြတယ်။ စေတီတော်ကြီးက ရှေးဟောင်းသမိုင်းဝင်စေတီကြီးတစ်ဆူဖြစ်နေတယ်ဆိုတာကို စတင်မြင်လိုက်တာနဲ့ သိရှိနေရတယ်။ စေတီတော်က တောင်ကုန်းမို့မို့ပေါ်မှာ တည်ရှိနေပြီး ကုန်းတော်ကလဲကျယ်ဝန်းပါတယ်။ စေတီတော်ဝင်းအတွင်းမှာ အရိပ်ရသစ်ပင်ကြီးငယ်တွေ၊ ပန်းပင်တွေနဲ့အတူ စေတီရံလေးတွေ၊ ကျောင်းဆောင်တွေ၊ ဇရပ်ဆောင်တွေက သူ့နေရာနဲ့သူ တည်ရှိနေကြတယ်။ ဒီထက်ပိုပြီး ထင်ထင်ရှားရှားအဖြစ် ၂၄ တောင်ပြည့် အမိဋ္ဌာန်အောင်ဆုတောင်းပြည့် လျောင်းတော်မူမြတ်စွာဘုရားရှင် ရုပ်ပွားတော်ကြီးကို တွေ့မြင်ဖူးမြော်နေကြရတယ်။

စေတီတော်ကြီးရဲ့သမိုင်းအရ မွေတော်ဖျံဖျုစေတီလို့ ဘွဲ့တော်တွင်ပြီး လွိုင်လင်မြို့ရဲ့ ရှေးဟောင်းသမိုင်းဝင်စေတီကြီးတစ်ဆူပါ။ မွေတော်ဖျံဖျုဆိုတာက ရှမ်းတိုင်းရင်းသားဘာသာစကားနဲ့ ဖြစ်နေသလို နတ်ကပြတဲ့ဘုရားလို့ အဓိပ္ပာယ်ရနေတယ်။ စေတီတော်ကြီးကို ဘိုးတော်ဘုရားလက်ထက်မှာ အိမ်ရှေ့သံတော်ဆင် မင်းလှသင်္ဃာက ၁၇၈၅ ခုနှစ်၊ ဖေနဝါရီလမှာ တည်ထားကိုးကွယ်ခဲ့ပါတယ်။ ညဏ်တော်အမြင့်ကိုးတောင်နဲ့ ကိုးလက်သစ် (လက်ကိုးသစ်) ရှိနေတယ်။ စေတီတော်ကြီးတည်ထားပြီးစီးခဲ့တဲ့ ၁၇၈၅ ခုနှစ်၊ မတ် ၄ ရက်နေ့ရဲ့ နောက်တစ်ရက်ဖြစ်တဲ့ မတ် ၅ ရက် တပေါင်းလပြည့်နေ့မှာ သိန္နီစော်ဘွားနဲ့သံဃာတော် ၁၀၈ ပါးတို့က ထီးတော်တင်လှူပွဲနဲ့ အနေကဇာတင်လှူပွဲတွေကို ပြုလုပ်ပူဇော်ခဲ့ကြပါတယ်။ ၁၉၆၇ ခုနှစ်နောက်ပိုင်းမှာ စေတီတော်ကြီးကို ပြုပြင်မွမ်းမံမှုတွေ ပြုလုပ်ခဲ့ကြတယ်။ မိမိတို့ရောက်ရှိနေတဲ့ သင်္ကြန်အကျနေ့မနက်စောစောမှာ ဘုရားဖူးတွေနဲ့ စည်ကားနေတာကိုလဲ တွေ့မြင်နေရတယ်။ စေတီတော်ကြီးကိုဖူးမြော်ပြီးချိန်မှာ မနက် ၇ နာရီသာရှိနေပါသေးတယ်။

မွေတော်ဖျံဖျုစေတီတော်ကြီးကို ဖူးမြော်ပြီးကြတာနဲ့ နမ့်စန်မြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မနက်စောစောအိပ်ရာထခဲ့ကြပြီး လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ကြတာကြောင့် မြို့ခံမိတ်ဆွေက ထပ်မံကျွေးမွေးဧည့်ခံပါမယ်ဆိုတဲ့ မနက်စာကို မစားမသောက်နိုင်ကြတော့ပါဘူး။ မွေတော်ဖျံဖျုစေတီတော်ကြီးမှာပဲ မြို့ခံမိတ်ဆွေကိုနှုတ်ဆက်ခဲ့ကြရတယ်။ ဆက်လက်ထွက်ခွာလာခဲ့ကြတဲ့ နမ့်စန်မြို့က လွိုင်လင်ခရိုင်အတွင်းမှာရှိနေတဲ့ မြို့တစ်မြို့ဖြစ်နေပြီး လွိုင်လင်မြို့ရဲ့အရှေ့တောင်ဘက် ၁၆ မိုင်အကွာမှာ တည်ရှိနေတယ်။ နမ့်စန်ဆိုတာကလဲ ရှမ်းတိုင်းရင်းသားဘာသာစကားနဲ့ပါ။ နမ့်ဆိုတာက ရေ၊ စန်က ပေါ့တယ်လို့ဆိုလိုထားတာကြောင့် ရေပေါ့လို့အဓိပ္ပာယ်ရနေတယ်။ နမ့်စန်မြို့ရဲ့ ထူးခြားချက်ကတော့ ဂေါ်ရခါးလူမျိုးတွေ အများအပြားနေထိုင်ကြပြီး နွားမွေးမြူရေးလုပ်ကိုင်ကြတယ်။ ၁၉၅၇ ခုနှစ်မှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စတင်ခဲ့တဲ့နောက် တစ်စတစ်စနဲ့ စည်ကားလာခဲ့တယ်လို့ မြို့သမိုင်းအရ သိထားတယ်။

လွိုင်လင်မြို့ကနေ နမ့်စန်မြို့ရှိရာကို အလာခရီးမှာ ရှမ်းပြည်နယ်ဒေသရဲ့ ထုံးစံအတိုင်း သဘာဝတောတောင်တွေ၊ တောင်မြင့်မြေနိမ့်တွေ၊ တောင်ပေါ်စိုက်ခင်းတွေ၊ ထင်းရှူးပင်၊ ယူကလစ်ပင်၊ နေကြာပင်တွေကို လမ်းတစ်လျှောက်လုံး တွေ့မြင်လာရတယ်။ နမ့်စန်မြို့ကိုရောက်ရှိလာခဲ့ကြပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံတွေ ရိုက်ကြတဲ့အခါ လှပခံ့ညားတဲ့ မြို့ဝင်ဆိုင်းဘုတ်ကြီးကို တွေ့မြင်ကြရတယ်။ ရှမ်းပြည်နယ်ရဲ့သင်္ကေတ ရှမ်းအိုးစည်ကြီးတွေနဲ့အတူ ရှမ်းဘာသာ၊ မြန်မာဘာသာတွေနဲ့ နမ့်စန်ခရိုင်၊ နမ့်စန်မြို့ ပင်လယ်ရေမျက်နှာပြင်အမြင့် ၃၁၆၆ ပေဆိုပြီး ရေးသားထားတာကြောင့် နမ့်စန်ကသာမန်မြို့ငယ်လေးတစ်မြို့မဟုတ်တော့ဘဲ ခရိုင်အဆင့်မြို့တစ်မြို့ဖြစ်သွားပြီဖြစ်ကြောင်း သိလိုက်ရတယ်။ မြို့အဝင်ဆိုင်းဘုတ်ကနေထွက်ထွက်ချင်း မြို့ဝင်တိုးဂိတ်က ဆီးကြိုလို့နေတယ်။ မြို့ဝင်ဆိုင်းဘုတ်နဲ့ တိုးဂိတ်က တစ်ခုနဲ့တစ်ခု မလှမ်းမကမ်းမှာတည်ရှိနေကြသလို တစ်နေရာနဲ့တစ်နေရာကိုလဲ လှမ်းမျှော်မြင်တွေ့နေကြရပါတယ်။

တဖြည်းဖြည်းနဲ့မြို့ရဲ့အတွင်းပိုင်းကို ဝင်ရောက်လာတာနဲ့အမျှ နေအိမ်တိုက်တာအဆောက်အအုံတွေ၊ ဈေးဆိုင်ကြီးတွေ၊ ဆိုင်ငယ်တွေ၊ လမ်းမကျယ်ကြီးတွေနဲ့ စည်ကားမှုတွေကို မြင်တွေ့လာရပြန်တယ်။ ဒါပေမဲ့ မိမိတို့ရောက်ရှိလာခဲ့တဲ့နေ့က သင်္ကြန်အကျနေ့ဖြစ်နေတာကြောင့် လမ်းဘေးဝဲယာတစ်လျှောက်မှာ ရှိနေကြတဲ့ဆိုင်အများစုက ပိတ်ထားကြပြီး တစ်ဆိုင်စ၊ နှစ်ဆိုင်စ အနည်းငယ်လောက်သာ ဖွင့်လှစ်ရောင်းချနေကြတယ်။ ခရီးဖော်တစ်ဦးက ဆေးဝယ်ချင်လို့ ဆေးဆိုင်ကိုလိုက်ရှာကြရတာ အချိန်အတော်ကြာမှ တွေ့ကြရတော့တယ်။ ဒါပေမဲ့ ဒီလိုလိုက်လံစုံစမ်းရှာဖွေကြရင်းနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းက သင်္ကြန်အတာအိုးထိုးပုံကို ထူးထူးခြားခြားတွေ့မြင်သိရှိလိုက်ရတယ်။

သူတို့ဒေသမှာ အတာအိုးထိုးပုံက မိမိတို့ဒေသက အတာအိုးထိုးပုံနဲ့ အနည်းငယ်ကွာခြားမှုရှိနေပါတယ်။ မိမိတို့က သောက်ရေအိုးငယ်(မြေအိုးငယ်)လေးတွေနဲ့ ရိုးရာမပျက်ထိုးနေကြပေမဲ့ အခုတွေ့မြင်နေရတဲ့ အတာအိုးပုံစံက ရွှေရောင်၊ ငွေရောင် လည်ရှည်အိုးတွေဖြစ်နေကြတယ်။ အတာအိုးထဲမှာလဲ ခုနစ်ရက်နေ့နံ့ သစ်ရွက်သစ်ခက်တွေသာမက သာသနာ့အလံတွေ၊ ကြက်လျှာတွေ၊ တံခွန်ကုက္ကားတွေကို တွေ့မြင်နေရတယ်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုတဲ့အဖြစ်မျိုးပါ။ သင်္ကြန်အတာရေအိုးလို့ဆိုလိုက်တာနဲ့ မိမိတို့ရဲ့စိတ်မြင်ကွင်းထဲမှာ မြင်တွေ့နေကျ မြေအိုးငယ်လေးတွေကို မြင်မိလိုက်ကြမှာဖြစ်ပေမဲ့ သူတို့အရပ်၊ သူတို့ဒေသမှာ သင်္ကြန်အတာအိုးလို့ ဆိုလိုက်ရင် သာသနာ့အလံတွေ၊ တံခွန်ကုက္ကားတွေ ထိုးထိုးထောင်ထောင်နဲ့ ရွှေရောင်၊ ငွေရောင်လည်ရှည်ပန်းအိုးလိုအိုးတွေကို မြင်ယောင်မိကြမှာဖြစ်ပါတယ်။

နမ့်စန်မြို့မှာအလိုရှိတဲ့ဆေးကို လိုက်လံရှာဖွေဝယ်ယူနေရင်းနဲ့ ထူးထူးခြားခြား သင်္ကြန်အတာအိုးတွေကို တွေ့မြင်နေကြရသလို မြို့ခံစာပေမိတ်ဆွေတစ်ဦးကလဲ နာရီစင်အနီးမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ စောင့်ကြိုနေပြီဖြစ်ကြောင်း ဖုန်းနဲ့ဆက်သွယ်အကြောင်းကြားလာလို့ အလိုရှိတဲ့ဆေးတွေကို ဝယ်ယူပြီးပြီးချင်း စားသောက်ဆိုင်ရှိရာကို ဆက်လက်သွားရောက်ကြရတယ်။ ဆိုင်ကိုရောက်တာနဲ့ မြို့ခံစာပေမိတ်ဆွေက ထမင်းကျွေးဧည့်ခံဖို့စီစဉ်နေပေမဲ့ မိမိတို့အဖွဲ့က ဆာလောင်ခြင်းမရှိသေးတာကြောင့် အတန်တန်ငြင်းဆန်နေကြရတယ်။ အချိန်က မနက် ၈ နာရီခန့်ကျော်သာရှိနေပါသေးတယ်။ လွိုင်လင်မြို့ကနေ စားသောက်လာခဲ့ကြတဲ့ အစားအစာတွေက ကောင်းကောင်းအစာမကြေကြသေးပါဘူး။

နမ့်စန်မြို့ကိုရောက်ရှိနေပြီး မြို့ခံစာပေမိတ်ဆွေနဲ့နှုတ်ဆက်စကားပြောနေကြတဲ့အချိန်မှာ ရာသီဥတုအခြေအနေက သာသာယာယာရှိနေသလို မိုးရွာနေခြင်းလဲမရှိပါဘူး။ ဒါကြောင့် ခရီးဖော်တစ်ဦးက နမ့်စန်မြို့မှာ ဘယ်နေရာတွေကိုသွားရောက်လေ့လာလည်ပတ်လို့ရသလဲ၊ အထင်ကရအဖြစ် ဘယ်လိုနေရာမျိုးတွေရှိသလဲဆိုတာကို မေးမြန်းလာပါတယ်။ ရောက်တုန်းရောက်ခိုက် လေ့လာလည်ပတ်သွားချင်တဲ့သဘောပါ။ ဒါပေမဲ့ မိမိတို့အဖွဲ့က နမ့်စန်မြို့ကနေ မိုးနဲ၊ လင်းခေး၊ မောက်မယ်မြို့တွေရှိရာကို ဆက်လက်သွားရောက်ကြရအုံးမှာဖြစ်တာကြောင့် အပြန်ခရီးစဉ်ရောက်မှ ဝင်ရောက်လည်ပတ်ကြဖို့ စဉ်းစားဆုံးဖြတ်လိုက်ရတယ်။ ဒီလိုစဉ်းစားဆုံးဖြတ်အပြီးမှာပဲ မြို့ခံစာပေမိတ်ဆွေကို လက်ပြနှုတ်ဆက်ရင်း နမ့်စန်မြို့ကနေ ထွက်ခွာလာခဲ့ကြတယ်။

စားသောက်ဆိုင်အနီးက မြို့လယ်နာရီစင်ကြီးကို ကျော်လွန်လာခဲ့ပြီး မကြာခင်လမ်းဘေးတစ်နေရာမှာ ဝိုင်းဖွဲ့စုရုံးကခုန်တီးမှုတ်နေကြတဲ့ ရှမ်းအိုးစည်သံတညံညံကို မြင်တွေ့ကြားလိုက်ရတော့တယ်။ ရှမ်းတိုင်းရင်းသားကလေးငယ်တွေ တီးမှုတ်နေကြတာပါ။ မိမိတို့ခရီးဖော်တစ်ဖွဲ့ကတော့ အိုးစည်ဝိုင်းကို ကျော်လွန်လာခဲ့ပြီး မိုးနဲမြို့ရှိရာကို ဆက်လက်ထွက်ခွာမောင်းနှင်လာခဲ့ကြတယ်။

# ဂရိနိုင်ငံ လာဗရီယိုနယ်မြေတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းမှုဖြစ်ပွားကာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသဖြင့် လေကြောင်းအကူအညီရယူထားရ



အေသင် မေ ၂၄

ဂရိနိုင်ငံ လာဗရီယိုနယ်မြေတွင် မေ ၂၂ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသဖြင့် လေကြောင်းအကူအညီကို ရယူထားရကြောင်း ရာသီဥတု ဘေးအန္တရာယ်နှင့် ပြည်သူ့ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

လာဗရီယိုနယ်မြေတွင် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါရယူကာကြိုးပမ်းနေကြောင်း၊ မိုးခေါင်သည့်အပြင် အပူချိန်ပါမြင့်တက်နေသည့်အတွက် တောမီးသည် အချိန်တိုအတွင်းထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ရာသီဥတု ဘေးအန္တရာယ်နှင့် ပြည်သူ့ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဒီနှစ်အတွင်း မိုးခေါင်သလို အပူချိန်တွေလဲ ဆက်တိုက်မြင့်တက်ခဲ့တယ်။ လာဗရီယိုနယ်မြေမှာ မိုးလေဝသအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားပြီး အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့တယ်။ နေအိမ်တွေကို ကူးစက်နိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် လေကြောင်းအကူအညီကို ရယူထားပါတယ်။ မြေပြင်ကနေလဲ တောမီးကို ငြိမ်းသတ်နိုင်ဖို့ ကြိုးစားနေပါတယ်။ အားလုံးပူးပေါင်းပြီးတော့ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ရာသီဥတု ဘေးအန္တရာယ်နှင့် ပြည်သူ့ကာကွယ်ရေးဝန်ကြီး ကီဖာလိုဂီယန်နစ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၉ ဦးပျောက်ဆုံးနေ

ပေကျင်း မေ ၂၄

တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၉ ဦး ပျောက်ဆုံးနေကြောင်း ကွေ့ကျိုးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်ခဲ့ရသောဒေသမှာ ကျေးလက်ဒေသများဖြစ်ပြီး အဆိုပါဒေသများအနက် ကွင်းရန်ကျေးလက်ဒေသမှာ ရေဘေးအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်နေရကြောင်း၊ ကွေ့ကျိုးပြည်နယ်တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများ၌ ကယ်ဆယ်ရေးဝန်ထမ်းများအပြင် တပ်မတော်သားဦးရေ၄၀၀ ထိ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးနေကြောင်း သိရသည်။

"မေ ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုနဲ့မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သေဆုံးသူနှစ်ယောက်ရှိပြီးတော့ ပျောက်ဆုံးနေသူ ၁၉ ယောက်ရှိပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေက ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ တပ်မတော်သားအယောက် ၄၀၀ ထိ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီပေးနေပါတယ်"ဟု ကွေ့ကျိုးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ကွမ်တုန်းပြည်နယ်အပါအဝင် ပြည်နယ်တချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး တရုတ်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တင်သင်္ဘောများ တိမ်းမှောက်မှုများက ဝေလငါးများကို မျိုးသုဉ်းလုနီးပါးဖြစ်လာစေ

ဝါရှင်တန် မေ ၂၄

မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တင်သင်္ဘောများတိမ်းမှောက်မှုများက ဝေလငါးများကို မျိုးသုဉ်းလုနီးပါး ဖြစ်လာစေသည်ဟု အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်သူများက ဆိုထားကြောင်း ယနေ့သတင်းများအရ သိရသည်။



မက္ကဆီကို ပင်လယ်ကွေ့ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်မှုအပါအဝင် အဆိုပါရေနံနှင့် သဘာဝဓာတ်ငွေ့တင် သင်္ဘောများတိမ်းမှောက်မှုသည် ရှားပါး ဝေလငါးမျိုးစိတ်များကို မျိုးသုဉ်းလုနီးပါးဖြစ်စေခဲ့သည်ဟု အမေရိကန်အစိုးရက မေလတတိယပတ်တွင် တရားဝင်ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော အဏ္ဏဝါမျိုးစိတ် ဝေလငါးများကို ထိခိုက်မှုမဖြစ်စေရေး ဒေသတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများအနေဖြင့် ဂရုစိုက်ကာကွယ်သင့်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မေ ၂၂ ရက်က ပြောကြားခဲ့သည်။

မက္ကဆီကို ပင်လယ်ကွေ့တွင် ရိုက်စ်ဝေလငါးများ အပါအဝင် အခြားသောဝေလငါးမျိုးစိတ်များ လာရောက် ကျက်စားကြသည့်အတွက် ဝေလငါးမျိုးစိတ်များ ကျက်စားရာ သတ်မှတ်ထားသော ပင်လယ်ကွေ့ ဧရိယာများတွင် သင်္ဘောများအနေဖြင့် အမြန်နှုန်းကန့်သတ်ချက်ကို လျှော့ချမောင်းနှင်ခြင်း၊ ဆီယိုဖိတ်မှုများမဖြစ်စေရန် ဂရုပြုခြင်းများဆောင်ရွက်ရေးလိုက်နာရန် အမေရိကန်အစိုးရက ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအဖွဲ့များကို ညွှန်ကြားထားပြီး လိုက်နာခြင်းမရှိပါက စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : KZ

# ပတ်ဝန်းကျင်ညစ်ညမ်းစေသော ဓာတ်ခဲဟောင်းများကို အပင်စိုက်ပျိုးရာတွင် အထောက်အကူပြုအနေဖြင့် သုံးနိုင်ကြောင်း ဂျာမနီသုတေသီများ ပြောကြား

ဘာလင် မေ ၂၄

ပတ်ဝန်းကျင် ညစ်ညမ်းစေသည့်ဓာတ်ခဲဟောင်းများကို အပင်များစိုက်ပျိုးရာတွင် အထောက်အကူပြုပစ္စည်းအနေဖြင့် အသုံးပြုနိုင်ကြောင်း မေ ၂၂ ရက်က ဂျာမနီသုတေသီများပြောကြားခဲ့ကြောင်း မေ ၂၃ ရက် သတင်းများအရ သိရသည်။

ဓာတ်ခဲအဟောင်းများသည် စနစ်တကျမစွန့်ပစ်ပါက ရေထု၊ မြေထုကို အဆိပ်အတောက်ဖြစ်စေသော နီကယ်ဒြပ်စင်များပျံ့နှံ့စေနိုင်ကြောင်း၊ ထိုသို့ နီကယ်ပါဝင်သော ဓာတ်ခဲဟောင်းများကို တိုက်ရိုက်စားသုံးမိပါက အများပြည်သူနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် စိုးရိမ်မှုများတိုးပွားစေကြောင်း ဂျာမနီနိုင်ငံအခြေစိုက် ဓာတုဗေဒသိပ္ပံတက္ကသိုလ်(IMC) မှ သုတေသီ ပါမောက္ခ ဂန်သာရက်ပရီချာက ပြောကြားခဲ့သည်။

တစ်ခါသုံးဓာတ်ခဲအသေးများသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေကြောင်း၊ ထို့ကြောင့် အဆိုပါစွန့်ပစ်ပစ္စည်းများကို အလွယ်တကူစွန့်ပစ်မည့်အစား အပင်များစိုက်ပျိုးရာတွင် ပြန်လည်အသုံးပြုနိုင်ကြောင်း၊ အပင်စိုက်ပျိုးရာတွင် ဓာတ်ခဲတွင်ပါသော နီကယ်-အလူမီနီယမ် ဓာတ်ကူးပစ္စည်းသည် အပင်များအပူဒဏ်ကို ခံနိုင်ရည်ရှိစေပြီး အပင်အတွက်လိုအပ်သော ကာဗွန်သိုလှောင်မှုကို အထောက်အကူဖြစ်စေကြောင်း၊ အပင်တွင်ပါသောဓာတ်နှင့် ဓာတ်ခဲဟောင်းတွင် ပါသောဓာတ်များ ဓာတ်ပြုပြီးနောက်အဆိပ်သင့်ဓာတ်များသည် ပျက်ပြယ်သွားပြီး အပင်ရှင်သန်ဖြစ်ထွန်းမှုကို များစွာအထောက်အကူပြုကြောင်း ဂျာမနီသုတေသီများက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံဦးရေ ၅၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ထား

ကင်ဘာရာ မေ ၂၄

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်း နယူးဆောက်ဝေးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ ဦးရေ ၅၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ရေစီးနှင့်အတူမျောပါကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာအသက် ၆၃ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး သေဆုံးသူ၏ရုပ်အလောင်းကိုလည်း ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်ပြီး မိုးရွာသွန်းမှု ဆက်လက်မြင့်တက်လာနိုင်သည့်အတွက် ရေကြီးရေလျှံမှုအခြေအနေမှာလည်း ဆက်လက်ဆိုးရွားလာဖွယ် ရှိနေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်နေရသည့် ဒေသများမှာ တာရီဒေသ၊ ဟန်တာဒေသ၊ မစ်နော့ကမ်းခြေဧရိယာတို့ ဖြစ်ကြောင်း နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ရေဘေးအန္တရာယ်ကြောင့် ဒေသခံတစ်ယောက် သေဆုံးခဲ့တာ သိရတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ ရေဘေးအန္တရာယ်ဖြစ်ပွားနေတဲ့ ဧရိယာအတွင်းက ဒေသခံတွေကိုလဲ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့ ထုတ်ပြန်ထားပါတယ်။ ပြည်နယ်အတွင်း ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားတဲ့ ဧရိယာပေါင်း ၁၄၀ လောက်ထိရှိနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းရမဲ့ ဒေသခံအယောက် ၅၀၀၀ ကျော်ထိရှိနေပါတယ်"ဟု နယူးဆောက်ဝေးပြည်နယ် ဝန်ကြီးချုပ် ခရစ်မင်က ပြောခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ရာသီဥတုပြောင်းလဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သော တောင်အာရှဒေသမှ တပ်မတော်များ

တပ်မတော်များသည် လောင်စာသုံးစွဲမှုအများဆုံးစာရင်း၌ပါဝင်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၅ ဒသမ ၅ ရာခိုင်နှုန်းထိရှိနေသည်။ ကမ္ဘာ့တပ်မတော်များကို နိုင်ငံတစ်နိုင်ငံအဖြစ်မှတ်ယူမည်ဆိုလျှင် တရုတ်၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် ကာဗွန်ထုတ်လွှတ်မှုစတုတ္ထအများဆုံးအဖြစ် ရပ်တည်နေမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများ၏ ကာဗွန်ထုတ်လွှတ်မှုသည် အများဆုံးဖြစ်ပြီး ပေါ်တူဂီနှင့် ဒိန်းမတ်ကဲ့သို့သောနိုင်ငံငယ်များ၏ နှစ်စဉ်ကာဗွန်ထုတ်လွှတ်မှုနှင့် အပြိုင်ပင်ဖြစ်သည်။ သာဓကအနေဖြင့် အမေရိကန်လေတပ်မှ F-35 တိုက်လေယာဉ်များ၏ ရေမိုင်၊ လေမိုင် ၁၀၀ ပျံသန်းမှုမှ ကာဗွန်ထုတ်လွှတ်မှုသည် ဗြိတိန်နိုင်ငံမှလောင်စာဆီသုံးကားတစ်စီး၏ တစ်နှစ်ကာဗွန်ထုတ်လွှတ်မှုပမာဏနှင့်ညီမျှလျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအများဆုံးထိပ်တန်းသုံးနိုင်ငံတွင် ပါဝင်လျက်ရှိသော်လည်း စစ်သည်တစ်ဦး၏ကာဗွန်ထုတ်လွှတ်မှုအညွှန်းကိန်းသည် နည်းပါးလျက်ရှိသည်။ G-20 နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာကာဗွန်ထုတ်လွှတ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်တာဝန်ရှိသော်လည်း ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသော တောင်အာရှဒေသသည် ကာဗွန်ထုတ်လွှတ်မှု၏ ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်သာ တာဝန်ရှိပြီး အိန္ဒိယတစ်နိုင်ငံတည်းပင် ကာဗွန်ထုတ်လွှတ်မှု ခုနစ်ရာခိုင်နှုန်းခန့်ရှိနေသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်တို့၏စုစုပေါင်းကာဗွန်ထုတ်လွှတ်မှုသည် ၁ ဒသမ ၅ ရာခိုင်နှုန်းအောက်တွင်သာရှိနေသည်။

တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် အကြီးဆုံးတပ်မတော်များကို ပိုင်ဆိုင်ထားရှိသော်လည်း စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများကြောင့် ရာသီဥတုဆိုင်ရာထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် အနည်းငယ်သာတာဝန်ရှိနေသည်။ သို့သော် တောင်အာရှဒေသသည် ကမ္ဘာလုံးဆိုင်ရာပူနွေးမှု၏ အဆိုးရွားဆုံးအခြေအနေကိုရင်ဆိုင်ရလျက်ရှိသည်။ ထို့ပြင် တောင်အာရှဒေသသည် ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေနေထိုင်ရေးဆိုင်ရာ ရန်ပုံငွေအနည်းဆုံးကိုသာလက်ခံရရှိနေသည်။

တောင်အာရှဒေသသည် ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်ရည်မှန်းချက်များအတွက် ကမ္ဘာ့ချမ်းသာသောနိုင်ငံများထံမှ နစ်နာကြေးတောင်းဆိုရန် တစ်မူထူးခြားသည့် အနေအထားတွင်ရှိနေသည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် အာဖဂန်နစ္စတန်၊ နီပေါ၊ သီရိလင်္ကာ၊ ဘူတန်၊ မော်လ်ဒိုက်တို့နှင့်အတူ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေးအတွက် ဒေသအလိုက် ဆွေးနွေးမှုများစတင်လုပ်ဆောင်သွားရန်လိုအပ်သည်။

တောင်အာရှဒေသမှတပ်မတော်များသည် ဒေသတွင်းရာသီဥတုပြောင်းလဲမှုလျှော့ချရေး ကိုင်တွယ်ဖြေရှင်းရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဖြစ်သည်။ သို့သော် ဒေသတွင်းရှိနိုင်ငံရေးနှင့် စစ်ဘက်ခေါင်းဆောင်များ၏ လက်ခံနိုင်မည့် လက်တွေ့ကျသောလုပ်ဆောင်မှုများလည်း လိုအပ်မည်ဖြစ်သည်။

ပထမဆုံးအချက်အနေဖြင့် တောင်အာရှဒေသမှတပ်မတော်များအနေဖြင့် ရာသီဥတုလုံခြုံမှုသည် စစ်ဘက်လုံခြုံရေးကဲ့သို့သော ရလဒ်သုညထွက်မည့် ပြိုင်ပွဲတစ်ခုမဟုတ်ကြောင်းကို နားလည်သဘောပေါက်ထားရန်လိုအပ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှုကြောင့် အပူချိန်မြင့်တက်လာခြင်းသည် အိန္ဒိယကဲ့သို့သော အိမ်နီးချင်းနိုင်ငံအပေါ် သက်ရောက်နိုင်သလို အိန္ဒိယနိုင်ငံ၌ ကာဗွန်ထုတ်လွှတ်မှုမြင့်တက်လာခြင်းသည်လည်း အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် သက်ရောက်မှုရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုလုံခြုံမှုကို လုံခြုံရေးပြဿနာတစ်ခုအဖြစ် ရှုမြင်သည်ထက် ဒေသတွင်း



ရာသီဥတုဒဏ်ခံရသော တောင်အာရှဒေသတစ်နေရာကို တွေ့ရစဉ်။

လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်သွားရန်လိုအပ်သည်။

ဒုတိယတစ်ချက်မှာ ရာသီဥတုလုံခြုံမှုသည် အခြားသောလုံခြုံရေးနယ်ပယ်များသို့ စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည်။ သာဓကအနေဖြင့် ရာသီဥတုလုံခြုံမှု၏ပြဿနာသည် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးလုံခြုံမှုတို့နှင့် တည်ဆောက်ပုံအရ ဆက်နွှယ်လျက်ရှိကြောင်းကို ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ရွှေ့ပြောင်းနေထိုင်မှုများက သက်သေပြလျက်ရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အိန္ဒိယသမုဒ္ဒရာသည် အခြားသောပင်လယ်များထက် ပူနွေးမှုနှုန်းမြန်ဆန်လျက်ရှိသည်။ ၂၁၀၀ ပြည့်နှစ်တွင် လူဦးရေ ၁၀ သန်းမှ ၁၅ သန်းခန့်သည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၏ခြိမ်းခြောက်မှုကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ထို့ကြောင့် တောင်အာရှဒေသသည် ရာသီဥတုပြောင်းလဲမှုကို ဒေသတွင်း၌လူမှုဘဝခြိမ်းခြောက်မှုတစ်ရပ်အဖြစ် လက်ခံသွားရုံမှအပ အခြားရွေးချယ်စရာမရှိတော့ပေ။

တတိယအချက်မှာ တောင်အာရှဒေသမှ တပ်မတော်များသည် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်သွားရေးကို ပိုမို့လေ့လာသွားရန်လိုအပ်လာပြီဖြစ်သည်။ အကြောင်းမူကား ရာသီဥတုလုံခြုံမှုသည် ၎င်းတို့ကို ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းနေသောကြောင့်ပင်ဖြစ်သည်။ တောင်အာရှနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို တစ်နိုင်ငံချင်းစီ၏အမြင်ဖြင့် ဖြေရှင်းနေမည်ဆိုလျှင် ကြီးမားသောအန္တရာယ်များနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များနှင့် စိုးရိမ်ပူပန်မှုများသည် နိုင်ငံများကြား ချိတ်ဆက်ဖြစ်ပေါ်လျက်ရှိပြီး ဒေသတွင်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာမလုံခြုံမှုများကို တစ်နိုင်ငံတည်း ဆန်းစစ်သုံးသပ်ဆောင်ရွက်နိုင်မည်မဟုတ်သလို ဒေသတွင်းရှိ အခြားနိုင်ငံများ၏တာဝန်ယူဆောင်ရွက်မှုမရှိလျှင်လည်း ဖြေရှင်းနိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုတွင်ပါဝင်လျက်ရှိသော တောင်အာရှဒေသမှတပ်မတော်များအနေဖြင့် ၎င်းတို့၏ပညာရေးဆိုင်ရာပြဋ္ဌာန်းချက်တစ်စိတ်တစ်ပိုင်းအနေဖြင့် ရာသီဥတုသိပ္ပံကို ထည့်သွင်းသွားရန်လိုအပ်သည်။ ဒေသဆိုင်ရာစစ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် NATO အဖွဲ့အနေဖြင့် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုသုညထိလျှော့ချသွားရန် ရည်မှန်းထားရှိသောကြောင့် တောင်အာရှဒေသမှတပ်မတော်များအနေဖြင့် NATO အဖွဲ့ကဲ့သို့ လိုက်ပါလုပ်ဆောင်သွားနိုင်သည်။ စစ်ဘက်ဆိုင်ရာစီမံကိန်းရေးဆွဲသူများအနေဖြင့် ဆောင်ရွက်သင့်သည့် ပထမဆုံးအချက်မှာဒေသတွင်း ရာသီဥတုလုံခြုံမှုကိစ္စကို အမျိုးသားအကျိုးစီးပွားတစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းခြင်းပင်ဖြစ်သည်။ ထိုသို့ဖွဲ့စည်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကာကွယ်ရေးစက်မှုလုပ်ငန်း၊ အရပ်ဘက်ကဏ္ဍနှင့် ပညာရှင်များပါဝင်သင့်ပေသည်။

တောင်အာရှဒေသမှတပ်မတော်များအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် အဓိကကျသောမူဝါဒသည် ၎င်းတို့၏လုပ်ငန်းပိုင်းနှင့် ပထဝီအနေအထားဆိုင်ရာအခန်းကဏ္ဍအပေါ် နားလည်သဘောပေါက်မှုကို အခြေခံထားရမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကို လူမှုဘဝခြိမ်းခြောက်မှုအဖြစ် ကိုင်တွယ်ဖြေရှင်းနိုင်ရန် စွမ်းဆောင်ရည်တည်ဆောက်သွားရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ လုပ်ဆောင်နိုင်ကြောင်းကို အသိအမှတ်ပြုထားရန် လိုအပ်သည်။

တောင်အာရှဒေသမှ တပ်မတော်များအနေဖြင့် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်နေသည့် စစ်ပွဲများမှ သင်ခန်းစာများ ရယူသွားသင့်ပေသည်။ သာဓကအနေဖြင့်၂၀၂၃ ခုနှစ် အောက်တိုဘာလတစ်လတည်း၌ပင် အစ္စရေးနိုင်ငံက ဂါဇာအပေါ်ဖိုးကြဲချတိုက်ခိုက်ခဲ့သည့်ခဲယမ်း တန် ၂၅၀၀၀ သည် ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့ပေါ်သို့ကြဲချခဲ့သည့် အဏုမြူဗုံးပေါက်ကွဲအား၏ နှစ်ဆခန့်နှင့်တူညီလျက်ရှိသည်။ ၂၀၂၂-၂၀၂၅ ခုနှစ်အတွင်း ရုရှား-ယူကရိန်းပဋိပက္ခသည် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန် သန်း ၂၃၀ ခန့် စုပုံမှုဖြစ်ပေါ်စေခဲ့သည်။ ထိုပမာဏသည် ဟောတီ၊ ဆီးရီးယား၊ ဘာကီနာဖာဆိုယီမင်နှင့် ဆိုမာလီယာ စသည့်နိုင်ငံငါးနိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုပမာဏနှင့် ညီမျှလျက်ရှိသည်။ အဆိုပါနိုင်ငံများကို နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ(IRC)အရေးပေါ်စောင့်ကြည့်စာရင်းတွင် ထိခိုက်လွယ်ပြီး ပဋိပက္ခသက်ရောက်လျက်ရှိသော နိုင်ငံများ(FCAS) အဖြစ်သတ်မှတ်ထားရှိသည်။

ထို့ကြောင့် သိပ္ပံပညာရှင်များနှင့် အခြားသော ရာသီဥတုဆိုင်ရာကျွမ်းကျင်ပညာရှင်များက ကမ္ဘာလုံးဆိုင်ရာကာဗွန်ထုတ်လွှတ်မှုတွင် တပ်မတော်များမှပါဝင်နေမှုနှင့်စပ်လျဉ်း၍ သတိပေးမှုမြင့်တက်လာခြင်းသည် အံ့သြဖွယ်ရာအကြောင်းကိစ္စတော့မဟုတ်ပေ။ ရာသီဥတုနှင့်ဆက်နွှယ်သောသဘာဝဘေးအန္တရာယ်များလျှော့ချရာတွင် အရပ်ဘက်စွမ်းအားများအပေါ် စစ်ဘက်အခန်းကဏ္ဍ၏ အကူအညီလိုအပ်ကြောင်းကို သက်သေပြလျက်ရှိပြီး လူ့အသက်များနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ကူညီကယ်ဆယ်ရာတွင် တပ်မတော်များ၏အခန်းကဏ္ဍသည်များစွာအရေးပါလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကို ဘက်ပေါင်းစုံမှ အန္တရာယ်တစ်ရပ်အဖြစ်သတ်မှတ်သွားမည်ဆိုလျှင် စစ်ဘက်၏အန္တရာယ်ပုံစံများသို့ ပေါင်းစပ်ဆောင်ရွက်သွားသင့်သည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းနှင့်လိုက်လျောညီထွေနေထိုင်မှုဆိုင်ရာဘက်စုံမျှော်မှန်းချက်တည်ဆောက်ရာတွင် ဒေသဆိုင်ရာ ရာသီဥတုလုံခြုံမှုမဟာဗျူဟာချမှတ်လျက် တောင်အာရှဒေသရှိ တပ်မတော်များကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုလုပ်ဆောင်သွားသင့်ပေသည်။

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်ထိ အရှေ့ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့ကို တိုက်ခတ်သွားခဲ့သည့် ဆိုင်ကလုန်းဘိုလာသည် လူဦးရေ ၃၀၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိ သေကျေထိခိုက်ခဲ့ရပြီး အမေရိကန်ဒေါ်လာ ၈၆ သန်းကျော်ဖိုးပျက်စီးဆုံးရှုံးခဲ့ရသည်။ ရာသီဥတုကြောင့်ဖြစ်ပေါ်လာသည့်ကပ်ဘေးသည် ပါကစ္စတန်နိုင်ငံကို နှစ်ခြမ်းကွဲသွားစေခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံပေါ်ထွက်လာခြင်းဖြစ်သည်။ ဆိုရလျှင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအပေါ် နိုင်ငံအဆင့်ထိရောက်စွာတုံ့ပြန်ရန် ပျက်ကွက်ခြင်းသည် ဒေသတစ်ခု၏နိုင်ငံရေးလုံခြုံမှုအပေါ် ဆိုးကျိုးသက်ရောက်နိုင်ကြောင်းကိုဆိုင်ကလုန်းဘိုလာတိုက်ခတ်မှုက ကြီးမားသောသင်ခန်းစာတစ်ရပ်ချန်ထားခဲ့သည်။ ထို့ကြောင့် တောင်အာရှဒေသရှိ တပ်မတော်များအနေဖြင့် ဒေသတွင်းရာသီဥတုလုံခြုံမှုမဟာဗျူဟာတည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ပေသည်။

**ကိုးကား**


- **Why South Asian Militaries Need to Reduce Their Carbon Footprint by The Diplomat.**


**ဝင်းဇင်(သုတေသန)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## အလှဆုံး လိပ်ပြာ

ကလေးတို့ရေ ဒီတစ်ပတ်ပုံပြင်အစီအစဉ်ကနေ သားတို့သမီးတို့ကို ဦးဦးပြောပြချင်တဲ့ ပုံပြင်လေးကတော့ "အလှဆုံး လိပ်ပြာ" ဆိုတဲ့ ပုံပြင်လေးကို ပြောပြပေးသွားမှာပဲ ဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းကပေါ့ကွယ် ပန်းပေါင်းစုံဖွင့်ဖူးပြီး အမြဲတမ်းလှပသာယာနေတဲ့ ပန်းနန်းတော်ကြီး ရှိသတဲ့။ အဲဒီပန်းနန်းတော်ကြီးမှာ အရွယ်အနေနဲ့ ကြီးမားပြီး ဉာဏ်ပညာရှိတဲ့ လိပ်ပြာဘုရင်ကြီးတစ်ပါးက အုပ်ချုပ်သတဲ့ကွယ်။ တစ်နေ့မှာ လိပ်ပြာဘုရင်ကြီးက ပန်းနန်းတော်ထဲမှာရှိတဲ့ လိပ်ပြာကလေးတွေကို ညီလာခံတစ်ရပ်ကျင်းပပြီး အခုလို ကြေညာလိုက်သတဲ့ကွယ်။

" နန်းတော်ထဲမှာရှိကြတဲ့ လိပ်ပြာတွေအားလုံးပဲ မကြာခင်မှာ အလှဆုံးလိပ်ပြာကို အကဲဖြတ်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ အဲဒီအလှဆုံး လိပ်ပြာကို ငါဘုရင်ရဲ့နန်းတော်မှာ ဘုရင်တစ်ပါးအနေနဲ့ အုပ်ချုပ်ခွင့်ပေးသွားမှာဖြစ်တယ်။ အားလုံးပါဝင်ယှဉ်ပြိုင်ကြပါ" လို့ ဘုရင်ကြီးက ကြေညာသတဲ့ကွယ်။ ပန်းနန်းတော်ကြီးမှာ ဘုရင်ဖြစ်ခွင့်ရမဲ့အခွင့်အရေးမို့ လိပ်ပြာတွေအားလုံးဟာ သူ့ထက်ငါ အပြိုင်အဆိုင်နဲ့ အလှဆုံးလိပ်ပြာဖြစ်အောင် သူတို့ရဲ့ ခန္ဓာကိုယ်ကို ပန်းနံ့သာတွေနဲ့ရေချိုး၊ ပန်းအရောင်အမျိုးမျိုးနဲ့ ခြယ်သကြရင်း အကောင်းဆုံး ပြင်ဆင်နေကြသတဲ့ကွယ်။ ဒါပေမဲ့ အဲဒီပန်နန်းတော်ရဲ့တစ်နေရာမှာ လိပ်ပြာလေးတစ်ကောင်ဟာ အများတကာတွေလို ပြိုင်ပွဲဝင်ဖို့အတွက် အချိန်မပေးနိုင်ဘဲ သူ့ရဲ့ မိဘအိုကြီးနှစ်ပါးကို ပြုစုကျွေးမွေးပြီး အချိန်ကုန်နေသတဲ့ကွယ်။ သူ့ရဲ့ မိဘနှစ်ပါးက လိပ်ပြာကလေးကို အခြားလိပ်ပြာလေးတွေလို ပြိုင်ပွဲဝင်ဖို့အတွက် ပြင်ဆင်ဖို့ပြောပေမဲ့ အဲဒီလိပ်ပြာကလေးက သူ့ရဲ့မိဘအိုကြီးနှစ်ပါးကို အခုလိုပဲ ပြန်ပြောသတဲ့ကွယ်။

" အဲဒီလို အလှဆုံးလိပ်ပြာဖြစ်ဖို့ ကိုယ့်ကိုယ်ကိုယ်ပဲ ခြယ်သလိမ်းကျံပြီး အချိန်ကုန်နေရင် အဖေတို့အမေတို့အတွက် အစာရေစာရှာဖွေကျွေးမွေးဖို့ အချိန်မရှိဘဲ ဖြစ်နေမှာပေါ့။



ကိုယ့်ဘဝကောင်းစားဖို့အတွက် အဖေနဲ့အမေကို ပစ်မထားရက်ခဲ့နိုင်ပါဘူး။ ဒီဘဝမှာ အလှဆုံးလိပ်ပြာ မဖြစ်ရလဲနေပါစေ။ မိဘကိုပစ်ထားပြီးမှ ရလာမဲ့ ဘုရင်ကြီးဘဝကိုလဲ မရချင်ပါဘူး။ မိဘအနားမှာပဲ နေပြီးကုသိုလ်ယူချင်ပါတယ်" လို့ပဲ ပြန်ပြောသတဲ့ကွယ်။ အဲဒီလိုနဲ့ အလှဆုံးလိပ်ပြာရွေးချယ်ပွဲကြီးကိုလဲ လိပ်ပြာကလေးဟာ မသွားဖြစ်ခဲ့ဘူးတဲ့ကွယ်။ ဒါပေမဲ့ အဲဒီအလှဆုံးလိပ်ပြာရွေးချယ်ပွဲကို ပန်းနန်းတော်ကြီးမှာရှိကြတဲ့ လိပ်ပြာတွေအားလုံး ဝင်ရောက်ယှဉ်ပြိုင်ကြပေမဲ့ ဘုရင်ကြီးရဲ့ ရှေ့တော်မှောက်ရောက်တဲ့အခါ လိပ်ပြာကလေးတွေ လိမ်းခြယ်ထားတဲ့ အလှအပတွေက အလိုလိုနေရင်း ကွာကျကုန်တာကြောင့် ဘယ်လိပ်ပြာကမှ အလှဆုံးလိပ်ပြာအဖြစ်ကို မရရှိကြပဲ ပြိုင်ပွဲဟာ ပြီးဆုံးသွားသတဲ့ကွယ်။ ဘုရင်ကြီးရဲ့ စိတ်တော်မှာ အလိုမကျမှုတွေဖြစ်ပြီး ပန်းနန်းတော်ကြီးထဲကို ကိုယ်တိုင်ထွက်ကာ အလှဆုံးလိပ်ပြာကို ရှာပုံတော် ဖွင့်တော့သတဲ့ကွယ်။ နန်းတော်ရဲ့ တစ်နေရာအရောက်မှာ မိဘအိုကြီးနှစ်ပါးကို ပြုစုလုပ်ကျွေးနေတဲ့ လိပ်ပြာကလေးကို တွေ့သွားတော့သတဲ့ကွယ်။ ဘုရင်ကြီးရဲ့ မျက်စိထဲမှာ မိဘအိုကြီးနှစ်ပါးကို ပြုစုလုပ်ကျွေးနေတဲ့ လိပ်ပြာကလေးဟာ မိဘကိုပြုစုလုပ်ကျွေးတဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် အရောင်တွေ တလက်လက်နဲ့တောက်ပပြီး အလှဆုံးဖြစ်နေတာကို မြင်တွေ့သွားတော့သတဲ့ကွယ်။ အဲဒါကြောင့် ဘုရင်ကြီးဟာ အဲဒီလိပ်ပြာကလေးကိုပဲ အလှဆုံးလိပ်ပြာအဖြစ် ဆုချီးမြှင့်ပြီး နန်းတော်ထဲမှာ ဘုရင်အဖြစ်အုပ်ချုပ်ဖို့ ပြောသတဲ့ကွယ်။ ဒါပေမဲ့ အဲဒီလိပ်ပြာကလေးဟာ မိဘအိုကြီးနှစ်ပါးကို ပစ်ထားပြီး ဘုရင်မဖြစ်ချင်ပါဘူးလို့ ငြင်းဆိုသတဲ့။ အဲဒီအခါ ဘုရင်ကြီးဟာ လိပ်ပြာကလေးကို ပိုပြီးလေးစားကြည်ညိုသွားသတဲ့ကွယ်။ အဲဒါကြောင့် လိပ်ပြာကလေးကို မိဘအိုကြီးနှစ်ပါးနဲ့အတူ နန်းတော်ကြီးထဲမှာနေထိုင်ဖို့ ခေါ်ဆောင်သွားတော့သတဲ့ကွယ်။

ကဲ ကလေးတို့ရေ ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ မိဘကို ပြုစုလုပ်ကျွေးတဲ့သူဆိုတာ အများတကာတွေနဲ့မတူပဲ မွန်မြတ်တဲ့ ကုသိုလ်တရားတွေကြောင့် ချမ်းသာသုခတွေကို ရရှိစံစား နိုင်ကြတယ်ဆိုတာ ယုံကြည်ထားကြရမယ်နော်။ သားတို့၊ သမီးတို့တွေလဲ ကိုယ့်ရဲ့ မိဘတွေကို ကျေးဇူးသိတက်ပြီး ပြုစုလုပ်ကျွေး နိုင်ကြကာ ဘဝလမ်းမှာ လှပသာယာ နိုင်ကြပါစေလို့ ဦးဦးကဆန္ဒပြု ပြောကြားလိုက်ရပါတယ်ကွယ်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ဆွမ်းလောင်းကြမယ်

♦ ကြေးစည်သံလေး မြည်သံသာ၊
ဆွမ်းတန်း ကြွလို့လာ၊
ချစ်မေမေမှာ ဆွမ်းကိုလောင်း၊
သားသား ဆုတွေတောင်း။

♦ သံဃာအပေါင်း သပိတ်တွင်၊
ဆွမ်းဟင်း ထည့်ကာပြင်၊
ရိုသေဦးတင် ကုသိုလ်ပြု၊
ကောင်းသော မိသားစု။

♦ လူနတ်သာစု အမြဲခေါ်၊
ဆွမ်းလောင်း နေ့စဉ်ပျော်၊
ငါးပါးတည်သော် အကျိုးများ၊
ဆွမ်းလောင်း ကြစို့လား။ ။



**ရွှေမြိုင်သူ (မြန်မာစာ)**

## လာလည်ခဲ့ပါ တို့ရဲ့ရွာ

♦ ထနောင်းပင်တန်း ညီညီညာ
မောင်လေး မွေးရပ်ရွာ။

♦ တမာပွင့်ဝေ လမ်းကလေး
နွေဦး ကျောင်းနံ့ဘေး။

♦ စေတီဖွေးဖွေး ကုန်းထက်မှာ
ဆည်းလည်းသံကသာ။

♦ ညှော့ဝတ်ပျူငှာ ဘယ်မနေး
လာပါ တို့ရွာလေး။ ။

**နေတံခါး**



# ဝန်ထမ်းအလိုရှိသည်

၁။ ဆန်းသစ်ပါဝါ စက္ကူစက်ရုံတွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်-

| | | |
|---|---|---|
| (က) ထုတ်လုပ်ရေးမန်နေဂျာ | အမျိုးသား/အမျိုးသမီး | (၁)ဦး |
| (ခ) HR/ Admin Manager | အမျိုးသား/အမျိုးသမီး | (၂)ဦး |
| (ဂ) Electrical Power | အမျိုးသား | (၂)ဦး |
| (ဃ) Maintenance | အမျိုးသား | (၂)ဦး |
| (င) Cashier | အမျိုးသမီး | (၂)ဦး |
| (စ) loader/Forklift Operator | အမျိုးသား | (၂)ဦး |
| (ဆ) Security | အမျိုးသား | (၃)ဦး |

၂။ **အထက်ပါ ရာထူးအတွက် လိုအပ်သော အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) ထုတ်လုပ်ရေးမန်နေဂျာအတွက် လိုအပ်သောအရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) B.E(Mechanical)၊ A.G.T.I(Mechanical) ဘွဲ့ရရှိသူဖြစ်ရမည်။

(၂) စက္ကူထုတ်လုပ်ရေးလုပ်ငန်း (သို့မဟုတ်) စက်မှုလုပ်ငန်းတွင် အနည်းဆုံး (၅-၁၀)နှစ် အတွေ့အကြုံရှိရမည်။

(၃) ထုတ်လုပ်မှုအဖွဲ့ကို ဦးဆောင်နိုင်သော စီမံခန့်ခွဲမှုအတွေ့အကြုံရှိရမည်။

(၄) စက်ကိရိယာပြုပြင်ထိန်းသိမ်းမှုအချိန်ဇယားများကို ကြီးကြပ်ပြီး Downtime အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ရမည်။

(ခ) HR/Admin ရာထူးအတွက် ဘွဲ့တစ်ခုရရှိပြီး HR နှင့်ပတ်သက်သော Diploma (or) Certificate Computer Microsoft Office (Word, Excel, Power point, Internet and Email)ကောင်းမွန်စွာအသုံးပြုနိုင်ရမည်။ HR Function များကို ကျွမ်းကျင်စွာအကောင်အထည်ဖော်နိုင်ရမည်။ ပြင်ပ ရုံး/အဖွဲ့အစည်းများနှင့် ဝင်ထွက်သွားလာ ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ယာဉ်/ယန္တရားများအား ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။

(ဂ) Electrical Power အတွက် BE/AGTI(EP) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက် (၃၀-၅၀)နှစ်အတွင်း ရှိသူဖြစ်ရမည်။ သက်ဆိုင်ရာရာထူးအတွက် လုပ်သက်အနည်းဆုံး (၅)နှစ် အထက်ရှိရမည်။ Schedule အတွင်း ချမှတ်ထားသော Phase အလိုက် Plan ချခြင်း၊ တာဝန်ပေးထား သော Project များကို အချိန်မီပြီးစီးအောင် စီမံညွှန်ကြားနိုင်သူဖြစ်ရမည်။ Communication ကောင်းမွန်ပြီး Team Work ဖြင့် လုပ်ဆောင်တတ်ရမည်။

(ဃ) Maintenance ရာထူးအတွက် BE/AGTI(MP) နှင့် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက် (၃၀-၅၀)နှစ်အတွင်းရှိသူဖြစ်ရမည်။ သက်ဆိုင်ရာ ရာထူးအတွက် လုပ်သက်အနည်းဆုံး (၅)နှစ်အထက်ရှိရမည်။ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စက်အပိုပစ္စည်းများ၊ ထိန်းသိမ်းဖြည့်တင်းခြင်းဆောင်ရွက်ရန်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား နေ့စဉ်စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်စစ်ဆေးခြင်း များအား ဂရုတစိုက်ရှိရန်၊ ပျက်စီးသွားသော အစိတ်အပိုင်းများအား လဲလှယ်ခြင်း၊ ပြုပြင်ခြင်းများကို ဦးဆောင်ရန်၊ လုပ်ငန်းလည်ပတ်နေစဉ် စက်များ ရုတ်တရက် ရပ်တန့်သွားခြင်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန်။

(င) Cashier ရာထူးအတွက် ဘွဲ့တစ်ခုရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ငွေကို သေချာစွာစိစစ်ကိုင်တွယ်နိုင်ရမည်။ Cashier လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရမည်။

(စ) Loader/ Forklift ရာထူးအတွက် အသက် (၂၅)နှစ်အထက်ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ Reach Stacker ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နေ့/ည အလှည့်ကျ အလုပ်ဆင်းနိုင်ရမည်။ လုပ်ငန်းချိန်အတွင်း အသောက်အစားကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ စိတ်ရှည်သည်းခံတတ်သူဖြစ်ရမည်။

(ဆ) Security ရာထူးအတွက် လုပ်ငန်းအတွေ့အကြုံရှိပြီး အသက် (၂၅ မှ ၄၀)ကြားရှိသူဖြစ်ရမည်။ လုပ်ငန်းတွင် အချိန်ပြည့်ကြီးကြပ်ကွပ်ကဲ နိုင်သူဖြစ်ရမည်။ နေ့/ည တာဝန်ထမ်းဆောင်နိုင်ရမည်။ ကျန်းမာသွက်လက်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အလုပ်ချိန်အတွင်း အရက်/ဆေးလိပ်/ကွမ်းမစားသူဖြစ်ရမည်။ ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၃။ **လစာနှင့် အကျိုးခံစားခွင့်**

အထက်ပါ ရာထူးများအားလုံးအတွက် လစာညှိနှိုင်း၊ ဥပဒေပါအတိုင်း ပိတ်ရက်/နားရက် ဆေးကုသခွင့်အားလုံး အကျိုးခံစားခွင့်ရှိသည်။

၄။ **လျှောက်ထားလိုသူများသည်** ပညာအရည်အချင်းဆိုင်ရာ အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ပတ်စပို့ဓာတ်ပုံ (၁)ပုံတို့နှင့်အတူ **အမှတ်(မ/ဝ)တမာတန်းလမ်း၊ ဗားကရာကျောင်းတောင်ဘက်မုဒ်၊ မှန်တန်းရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၂-၄၀၇၀၁၄၄၊ ၀၉-၂၅၉၁၀၀၅၆၇၊ ၀၉-၈၆၇၇၇၆၆၆၀** သို့ ယခုကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။


# လျှင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

# တမူးခရိုင်တွင် လာမည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၅၀၀ စိုက်ပျိုးမည်



ယခင်နှစ် ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**တမူး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် လာမည့်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၆၀၀၊ တမူးမြို့နယ်တွင် ဧက ၄၀၀ နှင့် ခါမ်းပါတ်မြို့နယ်တွင် ဧက ၅၀၀ စုစုပေါင်း ဧက ၁၅၀၀ တို့ဖြစ်ကြောင်း၊ အဆိုပါဖူးစားပြောင်းကို ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ဧက ၁၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင် ရွက်ပေးသွားမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ သုံးရွာတစ်ယူနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ပတုတ်ကျေးရွာ၊ ကံသာကျေးရွာနှင့် ဘုံမြင့်ကျေးရွာ၌ ဒသမကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက ပတုတ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူး များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၅၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပတုတ်ကျေးရွာ၊ ကံသာ ကျေးရွာနှင့် ဘုံမြင့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် သူ ၈၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသား ၂၀၃ ဦးကို ငွေကျပ် ၅၆ ဒသမ ၅၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅ STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄ STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး ဦးသိန်းအောင် အသက် (၉၀)နှစ်

ချောင်းဦးမြို့နေ ဦးဘဖေ + ဒေါ်တောတို့၏သား ဦးဘသိန်း + ဒေါ်ထွေးတို့၏ သားသမက်၊ မန္တလေးမြို့၊ အမှတ်(၁၈၃)၊ ၂၈ လမ်း၊ ၇၉ x ၈၀ လမ်းကြားနေ ဦးသိန်းစိုးစိုးဝင်း + ဒေါ်မျိုးမျိုးသက်၊ ဒေါက်တာဝင်းလှိုင် + ဒေါက်တာခင်စိုးစိုးဝင်းတို့၏ဖခင်ကြီး၊ မသက်ထားဇင် (F.P II, မန္တလေးဆေးတက္ကသိုလ်)၊ မောင်ရှင်းသန့်ဝင်းလှိုင်(MTU)၊ မချမ်းမြေ့ကေဇင်၊ မောင်ဖြိုးသက်ကောင်းတို့၏ဖိုးဖိုးကြီး၊ ဒေါ်ဗိုလ်(အငြိမ်းစား ဆရာမကြီး)၏ ချစ်လှစွာသော ခင်ပွန်း

**ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးသိန်းအောင်**
**အသက် (၉၀)နှစ်**

"သိန်းအောင်ပုံနှိပ်တိုက်"(ကာယလုပ်သား-ကားဂိတ်)ပိုင်ရှင်သည် ၁၃၈၇ ခု၊ ကဆုန်လဆုတ် (၁၂)ရက် (၂၃-၅-၂၀၂၅) သောကြာနေ့ ညနေ (၃:၃၃)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် (၂၄-၅-၂၀၂၅)၊ စနေနေ့ နေ့လယ်(၁၂:၃၀)အချိန်တွင် ၂၈ လမ်း(၇၉x၈၀)လမ်းနေအိမ်မှ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို "အေးရိပ်ငြိမ်သုသာန်"သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း၊ ရပ်ဝေး၊ ရပ်နီးဆွေးမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၅)၊ Grade- 8၊ ကျောင်းဝင်အမှတ်(က-၂၂၇၃)တွင် ပညာသင်ကြားနေသော မအေးသွယ်မိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းမြင့်သိန်းဖြစ်ပါကြောင်း။ **ဦးဝင်းမြင့်သိန်း(၁/မကတ(နိုင်)၀၆၂၃၀၄)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၆)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀.၃၂၆၆)ဧကရှိ ဘိုးဘပိုင်မြေကွက်အတွင်းမှ အနောက်ဘက်အခြမ်းရှိ ခဲစင်းပြဧရိယာ(၀.၀၄၇၂)ဧကအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူများဖြစ်သော ဒေါ်တင်တင်မာပါ (၆)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါဘိုးဘပိုင်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးယုတင်(၉/မနတ(နိုင်)၀၅၇၀၀၇)
အထွေထွေအကျိုးဆောင်
၆၇ X ၆၈ လမ်းကြား၊ ၁၁၄ X ၁၁၅ လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
ဖုန်း ၀၉-၂၀၀၂၄၆၃၊ ၀၉-၇၇၉၇၀၂၁၃၇

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကျွန်တော်တို့အစိုးရအနေနဲ့ “ရှေ့သို့ ချီမည် ပန်းတိုင်ဆီ”ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အားလုံး “မြန်မာ”ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ရှေ့ကို ချီတက်ကြတဲ့နေရာမှာ NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာလည်း ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့စိတ်နဲ့ အချင်းချင်းပွင့်လင်းမြင်သာမှု၊တာဝန်ယူမှု၊တာဝန်ခံမှုများနဲ့ ချမှတ်ထားပြီးသား ကတိကဝတ်များကို လိုက်နာစောင့်ထိန်းသွားကြဖို့လိုပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း ၉ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြား

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညီညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

